
www.dhammadownload.com




# ဉာဏ်စဉ်ဘယ်ကလာပါသလဲ

( ၂၇ ၊ ၁၁ ၊ ၆၀ )

၂၈

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော
သစ္စာလေးပါးကရားတော် အမှတ်စဉ် (၁) မှထုတ်နှုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဉာဏ်စဉ်က ဘယ်က လာပါသလဲ

(၂၇-၁၁-၆၀)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ်

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားသော တရားတော်

# ဉာဏ်စဉ်က ဘယ်ကလာပါသလဲ

(၂၇-၁၁-၆၀)

သုသိမပရိဗိုဇ် ကြားဖူးကြသလား. . . (ကြားဖူးပါတယ်ဘုရား၊ တစ်နေ့က ဟောပြီးပါပြီ)၊ ဘယ်ဟောရသေးလို့လဲ. . . အစေလ ကဿပသာ ဟောတာ၊ သုသိမ မကြားရသေးဘူး. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် စတော့မယ်နော်. . . သူလည်း တစ်မျိုးပဲ သူက နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကလာတယ်၊ သူက သုသိမပရိဗိုဇ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီတင်းသုံးပြီးသကာလ. . . နေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပွင့်လာတာ မကြာသေးဘူး. . .။ မကြာသေးတာနဲ့ မကြာသေးပေမယ့် ကံရော၊ ဉာဏ်ရော၊

www.dhammadownload.com



ဝီရိယရော တက်လာတဲ့ ကိုယ်တော်မြတ်ကြီး ဖြစ်နေတော့ ကံကလည်း ထမင်းရည်ချောင်းစီး လှူကြ၊ ပေးကြ၊ ကမ်းကြတယ်။ ဒါ ကံသဘောကိုး. . .။ ဉာဏ်ကလည်း အတိတ်ပစ္စုပ္ပန် အနာဂါတ် အကုန်သိတဲ့ဉာဏ်လည်း သူ့မှာပါတယ်၊ ဝီရိယကလည်း ညဉ့်သုံးယံမှာ တစ်ယံအိပ်ပြီး ကြိုးစားလာတဲ့ ကိုယ်တော် ကံ၊ ဉာဏ်၊ ဝီရိယ မစုံဘူးလား (စုံပါတယ်ဘုရား)၊ အင်း-စုံလာတဲ့ကိုယ်တော်ကြီးတက်လာတော့ ဒီသာသနာမှာ လှူကြ၊ တန်းကြ၊ ပေးကြ၊ ကမ်းကြ။ ရှေးက ဘုရားလုပ်တဲ့ တိတ္ထိခြောက်ဦးမှာ အကုန်စားရမဲ့၊ သောက်ရမဲ့ ဖြစ်ကုန်ကြတယ်။

## သုသိမပရိဗိုဇ်ကိုရှေးကြတယ်

ဘုရားမပွင့်ခင်က တိတ္ထိဘုရားကြီး ခြောက်ဦးက ရှိသေးတာကိုး. . .။ ဒါနဲ့ ဒီအထဲမှာ သုသိမဆိုတဲ့ တိတ္ထိတစ်ယောက်ကလည်း သူက တိတ္ထိထဲမှာ ဉာဏ်ကောင်းတယ်။ တော်တော်လျင်တဲ့ပုဂ္ဂိုလ်ပေါ့။ အဲဒီလိုဖြစ်ပြီးသကာလနေတော့ သုသိမကို တိတ္ထိတွေက အစည်းအဝေး ဖွင့်ပြီး ခေါ်တယ်။ သုသိမတို့တော့ စားရမဲ့ သောက်ရမဲ့။ နေကြီးထွက်လာတဲ့အလား၊ ပိုးစုန်းကြူးကဲ့သို့ တို့တိတ္ထိဘုရားတွေမှာ အကုန်ဖြစ်ကုန်ကြပြီ။ အဲဒါ အမျိုးသားစောက်ရှောက်ရေး လုပ်ပါ။

www.dhammadownload.com



အမျိုးသားကြီးပွားရေးလုပ်ပါ၊ အမျိုးသား ကြီးပွားရေး လုပ်ပါဆိုတော့ ဘာလုပ်ရမလဲ၊ ဟာ-မင်းဂေါတမဲ ဘုရားဆီ သွားပါ၊ သွားပြီး မင်းတရားသင်ရမယ်။ မင်းက ဉာဏ်ကောင်းတယ်။ ဂေါတမဆီသွားတရားသင်။ သင်ပြီးသည့် အခြားမဲ့၌ တို့ကိုပြန်ပြီးပို့ချ။ ပို့ချတယ်ဆိုရင် တို့တရားတစ်ဝက်၊ ဂေါတမတရားတစ်ဝက် ပေါလို့ရှိရင် တို့ဘုန်းတန်ခိုးပါရမီ ပြန်ကြီးလာလိမ့်မယ်လို့. . . ပြောတယ်။

အဲဒီတော့ သုသိမက ကောင်းပြီ၊ ဒါဖြင့် အမျိုးသားကြီးပွားရေးဆိုရင် ဆောင်ရွယ်မယ်ဆိုပြီး ဘုရားဆီကို သွားဖို့စိတ်ကူးကြည့်တယ်။ သို့သော် ဘုရားဆီကို သွားဖို့ဆိုရင် ရှင်သာရိပုတ္တရာဆီသွားလို့လည်း နေရာကျမှာ မဟုတ်ပါဘူး။ အရှင်မောဂ္ဂလာန်ဆီ သွားလည်း နေရာကျမှာ မဟုတ်ပါဘူး။ အရှင်အာနန္ဒာဟာ အနီးစပ်ဆုံး ပုဂ္ဂိုလ်ဖြစ်တယ်။ အရှင်အာနန္ဒာဟာ သူတစ်ပါးလည်း သနားတတ်တယ်။ သူ့ဆီကို ဝင်ကပ်မှပဲဆိုပြီး အရှင်အာနန္ဒာဆီ ဝင်ကပ်တယ်။

## ရှင်အာနန္ဒာထံရောက်လာတယ်

အရှင်အာနန္ဒာ၊ ဒီဘုရားသာသနာတော်ကို ကြည်ညိုလွန်းလို့ ဒီသာသနာတော်မှာပဲ ရှင်ရဟန်း လုပ်ပေးရစေလို့ပြောတယ်။ အရှင်အာနန္ဒာက သုသိမဟာ တိတ္ထိခေါင်း

www.dhammadownload.com



ဆောင်ထဲမှာ ဒုတိယခေါင်းဆောင်လောက် ဖြစ်နေတဲ့ ဥစ္စာကြီး . . . သူက ဒီဘုရား သာသနာတော်မှာ ကြည်ညို လွန်းလို့ဘုရား. . . သက်နိုးဝတ်ပါရစေဆိုတာ ငါတော့ ဘယ်လိုယုံရမလဲ မသိဘူး။ ဘုရားထံ ခေါ်သွားမှပဲဆိုပြီး ဘုရားထံ ခေါ်သွားတယ်။

သုသိမပရိဗိုဇ်ကို ဘုရားထံ အရှင်အာနန္ဒာက ခေါ်သွားတယ်။ ခေါ်သွားပြီးတော့မှ အရှင်အာနန္ဒာက အရှင်ဘုရား သုသိမပရိဗိုဇ်က တပည့်တော်တို့ သာသနာ တော်ကို ကြည်ညိုလို့ သာသနာ၀န်ထမ်း ရှင်ရဟန်း လုပ်ချင် ပါသတဲ့ဟု မြတ်စွာဘုရားအား လျှောက်ထားတယ်။

## ရဟန္တာဖြစ်မှာမို့လို့ဘုရားကလက်ခံတယ်

ဘုရားက အနာဂတံသဉာဏ်နဲ့ ကြည့်လိုက်တယ်။ ဒီကောင် အကောင်းဝင်တာလား၊ အဆိုးဝင်တာလားဆိုပြီး ကြည့်လိုက်တယ်။ ကြည့်လိုက်တဲ့အခါကျတော့ ဩော်. . . တရားခိုးမလို့လာတာကိုးဆိုပြီး သိတယ်။ သို့သော် ခိုးပေမယ့် ခိုးရင်းနဲ့ပဲ သူရဟန္တာဖြစ်သွားလိမ့်မယ်လို့ နှစ်ချက်သိတယ်။ တရားခိုးမယ် ဆိုတာလည်း သိတယ်။ ခိုးရင်း ရဟန္တာဖြစ်မယ် ဆိုတာလည်း သိတယ်။

နှစ်ချက်သိတာနဲ့ ကဲ. . . သုသိမကို ရေချိုးပြီး

www.dhammadownload.com



ရဟာန်းခံပေးလိုက်စမ်း. . .။ ရဟာန်းခံပေးလိုက်တော့ သုသိမကတော့ အကြိုက်တွေ့ပြီ. . .။ ငါတော့ ပွိုင့် (Point) တစ်ခုတော့ ကောင်းကောင်းမိတာပဲဆိုပြီး သူ့စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးနေရာ၊ နေရာကနေပြီးသကာလ တောကရဟာန်းတွေက သီတင်းကျွတ်တော့ လာကြတယ်။ "ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမ" ဆိုပြီး လျှောက်ကြတယ်။

ခီဏာဇာတိဆိုတာ တပည့်တော်တို့ ပဋိသန္ဓေတည်တဲ့ ဥစ္စာ ကုန်ခဲ့ပါပြီဘုရား. . .။ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မဂ်လေးတန် ရောက်ခဲ့ပါ ပြီဘုရား။ ဝုသိတံ ဗြဟ္မစရိယံ = မြတ်သောအကျင့်တို့ကိုလည်း တပည့်တော်တို့ ကျင့်ခဲ့ပါပြီဘုရား။ မဂ်ကိစ္စကိုလည်း ကျင့်ပြီးပါပြီဘုရား။ ကတံကရဏီယံ = ပြုဖွယ်ကိစ္စဟူသမျှကို တပည့်တော်တို့ ပြုလုပ်ပြီးပါပြီ၊ ဘာမှ တပည့်တော်တို့ လုပ်စရာ မကျန်တော့ပါဘုရား. . .။

## သုသိမ၊ တရားစပြီးခိုးပြီ

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမ = နောက်တစ်ဆယ့်ခြောက်ချက်သော မဂ်ကိစ္စကို တပည့်တော်တို့ လုပ်စရာမရှိတော့ပါ။ ရဟန္တာတို့ ကျင့်ဝတ် ၁၆-ချက်၊ ရဟန္တာတို့၏ ပရိယာယ်။

www.dhammadownload.com



ဒါနဲ့ သုသိမက ဒီကိုယ်တော်တို့ လာတဲ့နောက်က ချောင်းနားထောင်တယ်။ ဒီအထဲမှာ ဆရာ့လက်ဆုပ် အကောင်းဆုံး ပွိုင့် (Point)ဟာ ဘယ်သူပါလိမ့်မလဲလို့။ ဒီဥစ္စာဖြင့် အကောင်းဆုံးပဲလို့ ရဟန္တာတွေကို လျှောက်တဲ့ ပါဠိတော် တော့ နားလည်ပါလိမ့်မယ်။ ဒီလို နားလည်ပြီး သကာလ နေတော့ ဆရာလက်ဆုပ်ပဲ။ ဘုရားကလည်း သာဓုခေါ် လိုက်တယ်။ "ဩော်. . . တောနေ တောင်နေရတဲ့ အကျိုး နပ်ပါဘိတယ်ကွာ၊ ဝါတွင်းသုံးလ သွားနေတာ ရဟန္တာ ဖြစ်တယ်လို့ ဖော်သာမပြောတာကိုး၊ သိပ်ဝမ်းသာသွားတယ်" ဘုရားကလည်း သာဓုခေါ်တယ်။ ဆရာလက်ဆုပ်ပဲ။ ဆရာ လက်ဆုပ်ဆိုတာ အကြီးဆုံးပဲ။ အကောင်းဆုံးတရားပဲ။

ဒါနဲ့ ဘုရားက ကိုယ်တော်တွေ - ကဲ. . . အာဂန္တု တွေ သွားကျောင်းပို့ဟေ့။ ဘုရားက သိပ်ကြည်ညိုစရာ ကောင်းတယ်ကွ. . .။ လေးစားစရာ ကောင်းတယ်ကွ. . . ဆိုပြီး ပို့လိုက်တယ်။ ဖြုတ်ဆို ဒီကိုယ်တော်တွေနောက် သုသိမ လိုက်တယ်။

## ရဟန္တာဖြစ်ရင်ကောင်းကင်ပြန်နိုင်တယ်ထင်နေတယ်

ဒီကိုယ်တော်တွေ နောက်ကိုလိုက်ပြီး အရှင်ဘုရား

www.dhammadownload.com



တို့ . . "ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမ" လို့ . . . ဘုရားကို လျှောက်ထားကြတာကိုး။ ပဋိသန္ဓေနေတာလည်း ကုန်ပါပြီ လို့ လျှောက်ကြတယ်။ ဒီတော့ အရှင်ဘုရားတို့ ရဟန္တာဖြစ်ကြ ပြီလား. . .။ ကောင်းကင် ပျံနိုင်ရဲ့လား. . .။ မြေလျှိုးနိုင်ရဲ့ လား၊ သူတစ်ပါးပြောတာကို ဉာဏ်နဲ့သိပါရဲ့လားလို့ မေးတဲ့ အခါ သူ မမေးထိုက်ဘူးလား၊ သူက ရဟန္တာဖြစ်တယ်ဆိုရင် ကောင်းကင်ပျံ မြေလျှိုးနိုင်တယ်လို့ မှတ်နေတယ်။

သုက္ခဝိပဿက, က ဒီလိုမှ မဟုတ်ဘဲကိုး. . .။ ယခု လူတွေမှာလည်း ဒီအတိုင်းဖြစ်နေတယ်။ သုက္ခဝိပဿက ဆိုတာ ချာန်ခြောက်သွေ့တယ်၊ ချာန်ခြောက်သွေ့တဲ့ ပုဂ္ဂိုလ် ဟာ ရဟန္တာသာဖြစ်တယ်၊ ကောင်းကင်ပျံ မြေလျှိုးလို့ မရဘူး။ ဒါနဲ့ ခုနက ရဟန္တာတွေက ဖြေကြတယ်။ "ပညာဝိမုတ္တာ ခေါ်မယံ အာဝုသော သုသိမ"တဲ့။ အာဝုသော သုသိမာ = ငါ့ရှင် သုသိမ၊ မယံ = ငါတို့မှာ၊ ဝါ = ငါတို့သည် ပညာဝိမုတ္တာ = ပညာနဲ့ ကိလေသာမှ လွတ်ခဲ့ကြကုန်၏။ ပညာနဲ့သာ လွတ်ခဲ့ တယ်။ သမထမပါဘူးပြောတာ. . .။

အဲ. . . ခင်ဗျားတို့ကို ဟောသလို ပညာနဲ့ လွတ်ဖို့ ရာလို့ မှတ်လိုက်ကြ. . . (တင်ပါ့)၊ သမထ မပါဘူး. . . (တင့်ပါ)၊ နာလည်ပြီလား (တင်ပါ့)၊ စဉ်းစားကြည့်ပါ လားလို့ ဘုန်းကြီးက ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်သိဖို့ ဦးသံဒိုင်တို့

www.dhammadownload.com



ကိုထွန်းရင်တို့ အရေးကြီးတယ်လို့ ပြောတယ်။ ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ဆိုတာ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ" ဆိုတဲ့ဥစ္စာ ဒါ-အတိတ် ပဋိစ္စသမုပ္ပါဒ် ဆိုမလားတဲ့၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်လို့သာ ဆိုရမှာပဲ (မှန်ပါ့)၊ ဒါဆိုတော့ကို ဒါသည့် ဝိညာဏ်ကိုရှုရမယ်။ ဘုန်းကြီးက ဒီကနေပြီး မဂ္ဂင်ငါးပါးနဲ့ ရှုခိုင်းတယ်။

## သမထကရောပါနေတာ

သမထက ရောသာပါနေတာ၊ သူ့သီးသန့်အားထုတ်ရမှာမဟုတ်ဘူး။ သူလည်းဖြစ်ပျက်ရှုတယ်။ နောက်သူ့နောက်မှ လာတာတွေကို အင်း. . . ဖဿဖြစ်ပျက်ရှုတယ်။ ဝေဒနာဖြစ်ပျက်ရှုတယ်။ တဏှာ ဖြစ်ပျက်ရှုတယ်။ ဥပါဒါန်ဖြစ်ပျက်ရှုတယ်။ ကံ ဖြစ်ပျက်ရှုတယ်။ ကျုပ်တို့ ဒီအစီအစဉ်အတိုင်း မရှုဘူးလား. . . (ရှုပါတယ်ဘုရား)။

တစ်ခုတစ်ခုရှု့ရှုသွားကြတယ်။ သမထ ပါသေးသလားမေးတော့ ဘယ့်နှယ်ဆိုမလဲ. . . (မပါ့ပါ) မပါဘူးသာဆိုတယ် အကျုံးဝင်နေတယ်လို့ . . . ဦးသံဒိုင် မှတ်ရမယ်. . . (မှန်လှပါ)၊ သတိ၊ သမာဓိ၊ ဝီရိယတို့က သမထ မဂ္ဂင်သုံးပါး. . .။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပက ပညာမဂ္ဂင် နှစ်ပါးဆိုတော့ မဂ္ဂင်ငါးပါး။ ဒါက ပညာမဂ္ဂင် သူ့နောက်လိုက်

www.dhammadownload.com



မဂ္ဂင်။ ဒါကြောင့် ဦးသံဒိုင်ကို ဘုန်းကြီးဟောနေတဲ့တရားက ဩော်. . . သမထနဲ့ ဝိပဿနာကွဲလွဲတဲ့တရား. . . (တင်ပါ့)၊ ဖြစ်ပျက်ရှုတဲ့တရား။ သမထနဲ့ ဝိပဿနာကွဲလွဲတဲ့တရား. . . (တင်ပါ့) ဖြစ်ပျက်ရှုတဲ့တရား သမထနဲ့ ဝိပဿနာကွဲလွဲတဲ့တရားလို့ ဦးသံဒိုင်နဲ့ မောင်ထွန်းရင်က မှတ်ရမယ် (မှန်ပါ့)၊ သေသေချာချာလည်း မှတ်ပေါ့ဗျာ။ ဒီလိုနဲ့ သူတို့က ဒါတွေ ရှုပြီးသကာလ ဒါတွေ ဖြစ်ပျက်ရှုမြင်လို့၊ ဒါတွေ ဖြစ်ပျက် မုန်းလို့၊ ဒီဖြစ်ပျက်တွေဆုံးလို့ ရဟန္တာ ဖြစ်လာကြတယ်။ အဲ မဂ္ဂင်ရှစ်ပါး ပြည့်ပြီးတော့ ဖြစ်လာတယ်။

ဒီပုဂ္ဂိုလ်တွေကို သူက ကောင်းကင်ပျံနိုင်သလား။ မြေလျှိုးနိုင်သလား၊ သူတစ်ပါးပြောတာ သိရဲ့လား. . .၊ ရေထဲသွားနိုင်ရဲ့လား. . .၊ ရေထဲငုပ်ချည်ပေါ်ချည် လုပ်နိုင်ရဲ့လား၊ မြေထဲကိုလျှိုးပြီးသကာလ သွားနိုင်ရဲ့လား။ သူမေးတာက သမထလမ်းကို မေးတာ။ ဟိုပုဂ္ဂိုလ်တွေက "ပညာဝိမုတ္တာ ခေါ မယံ-အာဝုသော သုသိမ" အာဝုသော သုသိမ-ငါ့ရှင်သုသိမ၊ မယံ = ငါတို့သည်။ ပညာဝိမုတ္တာ ခေါ = ပညာဦးစီးပြီးတော့ ကိလေသာမှ လွတ်ခဲ့တယ်။ ဒီနောက်မှ ကိလေသာတွေ မလွတ်ဘူးလား. . . (တင်ပါ့ဘုရား)၊ လွတ်တယ်မဟုတ်လား. . . (လွတ်ပါတယ်ဘုရား)။

www.dhammadownload.com



## ပညာလမ်းကတက်ကြွအာ

ပညာဦးစီးပြီးသကာလ လွတ်ခဲ့တယ်လို့ပြော တော့. . . သူကနားမလည်ဘူး။ တိတ္ထိဘက်က ကူးလာတော့ သာမာဓိလမ်း ဘယ်နားလည်မလဲ။ ပညာစခန်း, သမာဓိစခန်း သူနားမလည်ဘူး။ နားလည်သေးရဲ့လား. . . (မလည်ပါဘုရား)၊ မလည်တဲ့အတွက် အရှင်ဘုရားတို့ဟောတာ ကျဉ်းလွန်းပါတယ်တဲ့၊ ပညာနဲ့ ကိလေသာမှ လွတ်လာတယ်ဆိုတာကို တပည့်တော် နားမလည်ဘူး၊ အကျယ်ပြောစမ်းပါ. . .။ အကျယ်လည်း ပြောစရာမရှိဘူး။ ရှိရဲ့လား. . . (မရှိပါဘုရား)၊ သူတို့က ပညာနဲ့ ကိလေသာမှ လွတ်လာတယ်။ ပညာနဲ့ ကိလေသာမှ လွတ်ကင်းပြီး ရဟန္တာဖြစ်လာတယ်. . .။

(အလုပ်ကိစ္စပါ)၊ အလုပ်ကိစ္စ။ ဒါနဲ့ အရှင်ဘုရားတို့ ပညာနဲ့ ကိလေသာမှလွတ်လာတယ်ဆိုတော့ တပည့်တော်ကို အကျယ်ပြောစမ်းပါဆိုတော့ တို့-ဘာမှမပြောတတ်ဘူး၊ ပညာနဲ့ ကိလေသာမှ လွတ်လာတယ်လို့ထား။ တို့အလုပ်ကတော့ ဒီအလုပ်စဉ်ဒါပဲဆိုတော့၊ ပညာနဲ့ကိလေသာ လွတ်ပြီးသကာလ လာတဲ့ပုဂ္ဂိုလ်တွေ ဖြစ်လေသောကြောင့်ကိုထွန်းရင်ရဲ့ ကောင်းကင်ပျံ မြေလျှိုးများ ပါဦးမလား. . . (မပါ,ပါဘုရား)၊ မြေလျှိုးမပါဘူး။ မြေလျှိုးလုပ်ချင်ရင်

www.dhammadownload.com



နောက်ထပ် သမာဓိ ထူထောင်ရဦးမယ်။ မဟုတ်ဘူးလား၊ အဘိညာဉ်ရအောင် လုပ်ရဦးမယ်. . .။ ဒါ-တစ်လမ်းပဲ။

## အဘိညာဉ်ကလောကီလမ်း

အဘိညာဉ်စခန်းဟာ လောကီလမ်းပဲ. . . (တင်ပါ့) အဲ ဒီတော့ ခင်ဗျားတို့ကို သင်ပေးနေတာ ဟိုကျလုပ်ဖို့ ဒီကြားမှာလည်း နှလုံးသွင်းဖို့ သင်ပေးနေတာ။ ပညာနဲ့ ကိလေသာမှ လွတ်အောင်လုပ်ရမယ်။ သဘောကျသလား (ကျပါတယ်)၊ ပညာနဲ့ ကိလေသာ လွတ်အောင်ဆိုတော့ သူခေါင်းဆောင်တယ်၊ သမ္မာဒိဋ္ဌိ သမ္မာသက်ပ္ပက ခေါင်းဆောင်တယ်။ ဒါတွေက နောက်လိုက်ဖြစ်နေတယ်။ သမထမှ သွားတော့မယ်ဆိုရင် ဒါဖြုတ်ထားပြီး ဒါ-ခေါင်းဆောင်တင်ရမယ်. . . (တင်ပါ့)၊ ဒါ-ခေါင်းဆောင်တင်ရမယ်။ သမထ လေးဆယ်ထဲက တစ်ပါးပါး ရှုရမယ်။ ဖြစ်ပျက် မရှုနိုင်ဘူး. . . (မရှုနိုင်ပါဘုရား)။

အဲဒီလမ်းက တက်လို့ရှိရင်တော့ အဲဒီလမ်းကမှ တစ်ခါ ဝိပဿနာ ပြန်ကူး၊ ကူးပြီး သကာလမှ သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဂေါင်းကင်ပျံ, မြေလျှိုး,သူတစ်ပါးစိတ်အကြံ အကုန်သိပေါ့ဗျာဆိုတော့ သူတို့က ပညာလမ်းက တက်တာဆိုတော့ မသိဘူးလို့ ပြောတာရော သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

www.dhammadownload.com



## ကောင်းကင်ပျံတာနဲ့တခြားစီ

ပညာလမ်းက တက်တာဆိုတော့ ကောင်းကင်ပျံ မြေလျှိုးနိုင်သလား, ဘာလားဆိုတာ မင်းမေးနေတာကို တို့ မဖြေလိုဘူး။ ပညာလမ်းက တက်လာပြီး ကိလေသာ လွတ်ရ တာဖြစ်တယ်။ ဒါပဲ အဖြေပေးတယ်။ သဘောပေါက်လား။

ဒါဖြင့် တို့ဆရာဘုန်းကြီးသင်နေတာက အသက် တမ်း တိုတိုထဲမှာ သမထ မပါဘဲနဲ့ ပညာခေါင်းနဲ့ဆောင်ပြီး သင်နေတယ်ဆိုတာ မှတ်ဖို့ပဲဆိုတော့ ကိုယ့်အတွက်လည်း ပါသွားတယ်မဟုတ်လား. . . (ပါသွားပြီ)၊ ကောင်းပြီ၊ ဒါနဲ့ သုသိမကတော့ မကျေနပ်ဘူး။ အရှင်ဘုရားတို့ သူက ရဟန္တာ ဖြစ်တယ်ဆိုတာ တပည့်တော်က ကောင်းကင်ပျံ မြေလျှိုး တယ်လို့ မှတ်တယ်. . .။

## ဝေဘူဆရာတော် ကောင်းကင်မပျံနိုင်ဘူး

ယခု ဝေဘူဆရာတော်ကို တချို့က ကောင်းကင် ပျံတယ်။ မြေလျှိုးတယ်လို့ ပြောနေတယ်။ ဝေဘူဆရာတော် က တာဝန်မခံဘူး။ ဟုတ်လည်း မဟုတ်ဘူးကိုး၊ အဲဒီလို ဖြစ်နေတော့ ခေတ်က ရဟန္တာဆိုရင် ကောင်းကင်ပျံ မြေလျှိုး တယ်ချည်း မှတ်နေတာကိုး. . .။ ဒါတွေကို နားမလည် ကြဘူး။

www.dhammadownload.com



ဒါနဲ့ သူမကျေနပ်ဘူး. . .။ မကျေနပ်တော့ ဟိုရဟန္တာတွေကလည်း တို့ပညာနဲ့ ကိလေသာမှ လွတ်လာတယ်။ မတတ်နိုင်ဘူး။ မင်းဟာ နားလည်ချင်လည်း နားလည်၊ နားမလည်ချင်လည်းနေတော့ မတတ်နိုင်ဘူး။ ပညာနဲ့ ကိလေသာမှ လွတ်ခဲ့တယ်ဆိုတော့ ခင်ဗျားတို့ လမ်းဟာလည်း ဒါနဲ့လွတ်မှာပဲလို့ အောက်မေ့ပြီး အားထုတ်ပါ။ တိုက်တွန်းတာလည်း ပါသွားပြီ. . . (တင်ပါ့)၊ ဒါနဲ့ သုသိမက မကျေနပ်ဘူး။ မကျေနပ်တော့ ကဲ. . . ဒီကိုယ်တော်တွေကို မေးရတာ ဟန်မကျပါဘူး။ သူ့ဆရာဆီ သွားမေးမှ သူက ခိုးဖို့လာတာကိုး (တရားခိုးဖို့)၊ တရားခိုးဖို့ လာတာ၊ တရားခိုးဖို့လာတော့ သူက ဘုရားဆီသွားလျှောက်မယ်ဆိုပြီး ဘုရားဆီကို ပြေးတယ်။

## သုသိမ၊ ဘုရားထံလျှောက်တယ်

အရှင်ဘုရား. . . ဟို ကိုယ်တော်တွေ သွားမေးတယ်၊ ကောင်းကင်ပျံနိုင်ရဲ့လား. . .၊ မြေလျှိုးနိုင်ရဲ့လား. .၊ အမျိုးမျိုးအဖုံဖုံ သူတစ်ပါးရဲ့စိတ်ကို သိပါရဲ့လား၊ အမျိုးမျိုးအဖုံဖုံတော့ မေးပါတယ်။ မေးပင်မေးငြားသော်လည်း ဘာမှ အဖြေမထွက်ဘူး။ ပညာနဲ့ ကိလေသာမှ လွတ်လာတယ်လို့ ဖြေတယ်။ ဒီတစ်လုံးတည်းပဲ အဖြေပေးတယ်။

www.dhammadownload.com



သို့သော် တပည့်တော်က နားမလည်လို့ အရှင်ဘုရား ဆီကို လာလျှောက်တယ်ဆိုတော့ ဘုရားကဖြေလိုက်တယ် 'ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံဟောတိ၊ ပစ္ဆာနိဗ္ဗာနေ ဉာဏံ" လို့ . . .၊ သုသိမ = သုသိမ၊ ပုဗ္ဗေခေါ = ရှေးဦးစွာ ကာလ၊ ဓမ္မဋ္ဌိတိဉာဏံ = ဝိပဿနာ ရှေ့သွားရှေ့ရွက် ရှိရ သည်။ ဟောတိ=ဖြစ်၏။ ပစ္ဆာ=နောက်မှ။ နိဗ္ဗာနေ=နိဗ္ဗာန်၌၊ ဉာဏံ=သိတဲ့မဂ်ဉာဏ်သည်။ ဟောတိ = ဖြစ်၏။ ရှေ့က ဝိပဿနာဉာဏ်၊ နောက်က မဂ်ဉာဏ်ကွ. . . လို့ ဖြေလိုက် တယ်။ သဘောကျပြီလား. . . (ကျပါပြီ)။

## ရှေ့ကဝိပဿနာဉာဏ် နောက်ကမဂ်ဉာဏ်

ရှေ့က ဝိပဿနာဉာဏ်၊ နောက်က ရှစ်ပါးလိုက် တယ် (မှန်ပါ့)၊ ဆိုတော့ ဘုရားကလည်း ဒါပဲဖြေတာပဲ။ ပါဠိ တော်မှာနေ၁် ပါဠိတော်ဆိုတော့ ဘယ်သူမှ စောဒက တက်လို့ မရတော့ဘူး (တင်ပါ့)၊ သုသိမက ဘုရားဆီ လာမေး ပြန်တော့လည်း ရှေ့က ဝိပဿနာဉာဏ်၊ နောက်ကမဂ်ဉာဏ် ဆိုပြီး ဒီလိုပဲဖြေတယ်။ သမထ မပါဘူး၊ ပါသေးရဲ့လား (မပါ၊ ပါဘုရား)၊ မပါဘူး။ သမထမပါဘူး။

အရှင်ဘုရား - အရှင်ဘုရားဖြေတာလည်း ကျဉ်းပါ သေးတယ်။ တပည့်တော်တို့ နားမလည်ပါဘူး။

www.dhammadownload.com



နားလည်ချင်လည်း မလည်ချင်နေ၊ ဘုရားက. . . (မှန်ပါ)၊ ခင်ဗျားတို့ လောကီအပြောဆိုရင် ဘောက်ဆန်တယ်ပြောမှာပေါ့။ ဘုကျတယ်လို့ ပြောမှာပေါ့. . . (မှန်ပါ)၊ ရှေ့က ဝိပဿနာဉာဏ်၊ နောက်ကမဂ်ဉာဏ်၊ ဒါပဲလုပ်ရမယ်လို့ ဟောတယ်ဆိုတော့ ရှေ့က ဝိပဿနာဉာဏ်၊ နောက်က မဂ်ဉာဏ်ဆိုရင် ရဟန္တာကိစ္စ ပြီးတာပဲ။ ခင်ဗျားတို့ တိုက်တွန်းတယ်။ မသေမချင်း မှတ်ထားကြ. . . (တင်ပါ့ဘုရား)။

ရှေ့က ဝိပဿနာဉာဏ်ဖြစ်ရင်နောက်က မဂ်ဉာဏ်ဖြစ်မယ်၊ ဒါ-ဖြစ်တာပဲ. . .။ ဝိပဿနာဉာဏ်ငါးပါး ဒါ-ဘုန်းကြီး ရှင်းပေးလိုက်တယ်။ မဂ်ဉာဏ်က နောက်ကလာတာ ရှစ်ပါး။ ဒါပဲ (မှန်ပါ)၊ ဘုရားတပည့်တော် သုသိမက ဘုရားဖြေတာကို မကျေနပ်ဘူး. . .။ နားမလည်တဲ့လူ ဖြေရတာ ကိုထွန်းရင် ဟိုဘက်က ဒကာတွေ အားကြီးခက်တယ်။ နားမလည်တဲ့လူ ဖြေရတာ. . . (တင်ပါ့)။

## ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဝိပဿနာဉာဏ်

ဒီတရားကတော့ ဘုရားသာသနာ အတွင်းမှာပေါ်တဲ့ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ဆိုတာ သူတို့က သာသနာပဗျာ၊ အရင်ကတည်းက ဘုရားလုပ်နေတဲ့လူတွေ၊ ဒီအကြောင်းလည်း ကောင်းကောင်းကို နားမလည်တော့၊

www.dhammadownload.com



နားမလည်သူ ဆိုတော့ ကဲ-မင်းနားလည်ချင်လည်း လည်၊ နားမလည်ချင်နေ။ ဘုရားက ရှေးဦးစွာ ဝိပဿနာဉာဏ် အားထုတ်ရမယ်။ ဓမ္မဋ္ဌိတိဉာဏ်ဟာ ဝိပဿနာဉာဏ်၊ နောက်က မဂ်ဉာဏ်လိုက်ရမယ်။ ဒီတော့ ခင်ဗျားတို့ တာဝန်ဟာလည်း ဘုန်းကြီးက အမွေပေးလိုက်တယ်။ ဝိပဿနာဉာဏ်ကို ရှေ့ထားသာလုပ်၊ မဂ်ဉာဏ် သို့ဘာသာသူ နောက်က လိုက်လာလိမ့်မယ်။ အဲဒါ အားလုံးပေါ့လေ။

ရှေ့က ဝိပဿနာဉာဏ်လုပ်၊ ခင်ဗျားတို့ တာဝန်က ဝိပဿနာဉာဏ်တာဝန်၊ လိုက်ဖို့တာဝန်က မဂ်ဉာဏ်တာဝန်၊ မဂ်ဉာဏ်၏တာဝန်။ သဘောကျသလား. . .။ မဂ်ရပါစေ ဆိုပြီး ဆုတောင်းလို့မရဘူး။ ဝိပဿနာဉာဏ် မပါဘဲနဲ့လည်း မဂ်ဉာဏ်တက်လာလိမ့်မယ်လို့လည်း ကိုထွန်းရင် သိပ် မအောက်မေ့နဲ့၊ မတက်နိုင်ဘူး။ တေဘူမကသင်္ခါရကိုမှ အာရုံမပြုဘဲနဲ့ နိဗ္ဗာန်ကို အာရုံပြုဖို့ အတော်ခဲယဉ်းတယ်. . . (တင်ပါ့)။

တေဘူမက သင်္ခါရဆိုတာက ဒါတွေဟာ သင်္ခါရတွေပဲ။ ဒီသင်္ခါရတွေကို ဖြစ်ပျက်မမြင်ဘဲနဲ့၊ ဒုက္ခသစ္စာကို မပိုင်းခြားပဲနဲ့ နောက်ကမဂ်ဉာဏ်က လိုက်ပါ့မလား. . . (မလိုက်ပါဘုရား)၊ မလိုက်တော့ဘူး။ ဘုရားဟောတော်မူတာ ကို ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)၊ ရှေ့က

www.dhammadownload.com



ဝိပဿနာဉာဏ်၊ နောက်က မဂ်ဉာဏ်။

"ပုဗ္ဗေ ခေါ သုသိမ၊ ဓမ္မဋ္ဌိတိဉာဏံ ဓမ္မဋ္ဌိတိဉာဏန္တိ"

ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဝိပဿနာဉာဏ်ပဲ. . . (ဓမ္မဋ္ဌိတိနဲ့ ယထာဘူတနဲ့ အတူတူပဲလားဘုရား)၊ အင်း. . . အတူတူပဲ။ ဝိပဿနာဉာဏ်ပဲဗျ။ ဦးသံဒိုင် အတူတူပဲ၊ အချို့နေရာမှာ ဒီအတိုင်းဟောတယ်၊ သုသိမဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာဉာဏံ ဆိုလိုက်ကြပါစို့. . .။ နိဗ္ဗာနေဉာဏန္တိ မဂ္ဂဉာဏံ၊ ရှင်းသွားပြီ လား. . . (ရှင်းပါပြီ)၊ ဒီလိုသုံးလိုက်တော့ ဘုရားက မင်းနားလည်ချင်လည် မလည်ချင်နေကွ။ သုသိမ ဒီရဟန်းတွေ ဖြစ်လာတာကတော့၊ မင်းမေးခဲ့တဲ့ ရဟန်းတွေ ဖြစ်လာတာကတော့ ဝိပဿနာဉာဏ်ကို ရှေ့ထားပြီး နောက်က မဂ်လိုက်ပြီး ရဟန္တာဖြစ်ကြတာပဲ. .။

## ဘုရားကတရားဟောပြီ

နောက် အရှင်ဘုရား ဟောတာကိုလည်း တပည့်တော် မကျေနပ်ဘူး. . . တဲ့။ ကဲ. . မကျေနပ်လို့ရှိရင် မကျေနပ် ကျေနပ်အောင်တော့ ပြရမယ်ဆိုပြီး သူ့ကို ရဟန္တာဖြစ်အောင် ဟောတော့မယ်. . .။ သူ့ ရဟန္တာဖြစ်အောင် ဟောတော့မယ်ဆိုတော့ ခင်ဗျားတို့ နားလည်ပြီးထားရမယ် ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ကို ဘုရားကပြတယ် ဒီတရားပဲ။

www.dhammadownload.com



မင်းကွာ. . . အခု ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပေါ်ပြီ။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ပေါ်ပြီတဲ့။ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ" ပေါ်ပြီကွ။ အခုဒါကလေးဟာ နိစ္စလား အနိစ္စလားလို့ ပြန်မေးတယ်၊ ဒါကလေးဟာ ဘယ်သူ မေးမေး အနိစ္စပဲလို့ ဖြေရမှာ. . . (တင်ပါ့)၊ ဖြစ်ပြီးပျက်တဲ့ ဥစ္စာကို အနိစ္စလို့ ဖြေရုံပဲ ရှိမှာပဲ။ ဒါကလေးဟာ သုခလား-ဒုက္ခလားလို့ တစ်ခါမေးစမ်း၊ ဦးသံဒိုင်တို့ ဘယ့်နှယ် ဖြေမလဲ. . . (ဒုက္ခပါဘုရား)၊ ဒုက္ခလို့ လူတိုင်းဖြေတယ်။ ဒါကလေးဟာ အတ္တလား-အနတ္တလားလို့ မေးရင်ရော. . . (အနတ္တပါ ဘုရား)၊ အနတ္တဖြေလိုက်တယ်။

ကဲ. . . ဒါရှိပါစေကွဆိုပြီး ဖဿကလေး လာလိမ့်ဦးမယ်ကွ။ ဖဿကလေးဟာ နိစ္စလား - အနိစ္စလား. . . လို့ မေးပြန်တယ်၊ အနိစ္စဖြေရမယ်. . . (အနိစ္စပါဘုရား)၊ သုခလား-ဒုက္ခလားမေးရင်ရော. . . (ဒုက္ခပါဘုရား)၊ အတ္တလား-အနတ္တလားမေးရင် အနတ္တပဲလို့ လူတိုင်းပြောမယ်။ ဖဿ ပစ္စယာ ဝေဒနာကလေး ကြည့်လိုက်ပြန်တော့၊ ဒါတွေက ချုပ်သွားကုန်တော့ ဝေဒနာကလေး ဉာဏ်အောက် ရောက်လာတယ်။

ဝေဒနာကလေးဟာ နိစ္စလား-အနိစ္စလား မေးလိုက်တော့. . . (အနိစ္စပါဘုရား)၊ သုခလား-ဒုက္ခလား မေးလိုက်

www.dhammadownload.com



ရင်ရော. . . (ဒုက္ခပါဘုရား)၊ အတ္တလား-အနတ္တလား မေးလိုက်တော့. . . (အနတ္တပါဘုရား)၊ ဒီအတိုင်းဖြေရမယ်။ ဗေဒနာနောက်က လိုက်လာတဲ့ တဏှာကလေးဟာရော ပစ္စုပ္ပန်ပဲ မဟုတ်ဘူးလား .... (ဟုတ်ပါတယ်)၊ ဒါကို ဒီဉာဏ်နဲ့ကြည့်ပေး။ ဒီဉာဏ်နဲ့ ကြည့်ပြီးတော့ နိစ္စလား-အနိစ္စလား .... အနိစ္စပဲ။ သုခလား-ဒုက္ခလား. . . ဒုက္ခပဲ။ အတ္တလား-အနတ္တလား. . . အနတ္တပဲ။

## ငါ့ကိုယ် ငါ့ဟာ ခွဲသေးသလား

ဒါ. . . ဟောရင်း-ဟောရင်းနဲ့ ကဲကွာ. . . ဒီဥစ္စာ မင်း-ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ရှော "ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာ" လို့ မင်းစွဲနိုင်သေးသလား။ ဝေဒနာကလေးတစ်လုံးကို မေးလိုက်တယ်။ မစွဲနိုင်ပါဘုရား။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ပါဘူး။ ဒါဟာ ဘာသစ္စာတုံးကွ. . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာပါလို့ ဖြေလိုက်တယ်။ ဒါ သစ္စာပိုင်းခြားတယ်. . . (တင်ပါ့)၊ သစ္စာပိုင်းခြားတော့ သူကလည်း ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဖြစ်တော့ မဂ်ငါးပါးကနေပြီး သကာလ မဂ်ရှစ်ပါး ဒုက္ခသစ္စာ ပိုင်းခြားတော့ ခန္ဓာကြီးကြည့်၊ ဒီဘက်က ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် အကုန်ပျောက်တယ်. . . (တင်ပါ့ဘုရား)။

www.dhammadownload.com



ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို ခင်ဗျားတို့ ခန္ဓာကိုယ်တစ်ကိုယ်လုံး ယခုလည်း ရှိနေတာကို ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ပါ (တင်ပါ့ဘုရား)၊ ကိုယ်ခန္ဓာကြီး ဘဝနဲ့ဟာ. . . (မှန်ပါ့ဘုရား)၊ ကိုယ့်ခန္ဓာအိမ်က ပါတဲ့ခန္ဓာကြီးမှ မဟုတ်ဘဲကိုး. . (မှန်ပါ့, မဟုတ်ပါဘုရား)၊ ဒီရောက်မှ ခန္ဓာ။ ဒီရောက်မှ ခန္ဓာတောင်မှ အခုရှိတဲ့ခန္ဓာ၊ သဘောကျပြီလား. . . (ကျပါ့တယ်)။

## သုသိမ၊ ရဟန္တာဖြစ်ပြီ

အဲဒီဟာ ဆိုက်လိုက်တော့ သူရဟန္တာဖြစ်သွားတယ်။ သစ္စာနဲ့ ပိုင်းခြားရှုဆိုပြီး ဟောချလိုက်တာ၊ ဟောချလိုက်တော့ ဟောရင်းနဲ့ ခန္ဓာဉာဏ်လှည့်တယ်။ သူ၏ ခန္ဓာဉာဏ်လှည့်တော့ သူသည် ရဟန္တာဖြစ်သွားတော့ ဘုရားက မေးလိုက်တယ်။ သိပြီ. . . ကိုယ့်ဟာကိုယ် ရဟန္တာဖြစ်လာတော့ သူသည် ပစ္စဝေက္ခဏာဉာဏ်တွေရော၊ ဘာတွေရော သူသိပြီ . . . (တင်ပါ့ဘုရား)။

## သုသိမ၊ မင်းကောင်းကင်ပျံနိုင်သလား

'မင်း-ကောင်းကင် ပျံနိုင်သလားလို့ မေးတယ်. . . (ကောင်းကင် ဘယ်ပျံနိုင်မလဲ)၊ မင်း ကောင်းကင်ပျံနိုင်ရဲ့

www.dhammadownload.com



လားကွ. . . တဲ့။ မင်းမြေလျှိုးနိုင်ရဲ့လားကွ။ မင်း သူတစ်ပါး စိတ်ကို သိရဲ့လားကွတဲ့။ မသိပါဘူး. . . တဲ့။ တပည့်တော် မှားကုန်ပြီ. . . (မှန်ပါ့)၊ တပည့်တော် ကောင်းကောင်းမှား ကုန်ပြီ။

တပည့်တော်အပြစ်ကို တပည့်တော်. ဝန်ခံပါရစေ. . . တပည့်တော် ရိုးရိုးဝင်လာတဲ့လူ မဟုတ်ဘူး၊ တရားခိုးမလို့ လာတဲ့ ပုဂ္ဂိုလ်ပါပဲ။ တရားခိုးမလို့ဘဲ၊ ခိုးပြီးတော့မှ တိတ္ထိတွေကို ဝါဒဖြန့်ဖို့တရား။ ကွာ. . . တဲ့ မင်းအပြစ် မင်းသိလို့ရှိရင်လည်း ပြီးတာပါပဲ. . . တဲ့။ အေးမင်းကို ငါ မှာချင်တာကတော့ ငါဘုရား သာသနာတော်မှာ သမထကို အဓိကထားတာမဟုတ်ဘူးကွ. . . ဖြေချလိုက်တယ်။ ဒါကို သေသေချာချာမှတ်ပါ. . . (တင်ပါ့)။

## သမထကြောင့် နိဗ္ဗာန်မရောက်ဘူး

ငါဘုရား သာသနာတော်မှာ ငါ-သမထကို အဓိက ထားတာ မဟုတ်ဘူး။ ဝိပဿနာကို အဓိကထားတယ်။ သဘောကျသလား. . . (ကျပါတယ်)၊ ငါဘုရား သာသနာ တော်မှာ သမထကြောင့် နိဗ္ဗာန်မရောက်ဘူး. . . တဲ့။ ပေါ်ကြ ပြီးလား. . . (မှန်ပါ့)၊ ဝိပဿနာကြောင့်သာ နိဗ္ဗာန်ရောက် တာ။

www.dhammadownload.com



ဒါကြောင့် ဟိုကိုယ်တော်တွေ ဖြေတာ သမထမပါဘဲ ချာန်ခြောက်ပြီး သကာလ ရဟန္တာဖြစ်သွားတယ်။ မင်းရော အခုသိပြီလား. . .။ သိရင် သူလည်း ရဟန္တာဖြစ်ပြီ။ မင်းရော အခု ကောင်းကင်ပျံ မြေလျှိုး, သူတစ်ပါးစိတ်ကို သိရဲ့လား။ မသိပါဘုရား။ ဒီကျတော့ သူ ပျော့ဆင်းသွားပြီ။ သူ ရဟန္တာ ဖြစ်သွားပြီ။ အဲဒီတွင်မှ ငါဘုရား သာသနာမှာ သမထကိုသာ အဓိကထား ဟောတာ မဟုတ်ဘူးကွ။ ဝိပဿနာသာလျှင် သာသနာအတွင်း တရားကွ။ သမထဆိုတာ ဘယ်အခါမဆို ကမ္ဘာပျက်ပေမဲ့ရှိတယ်။ ကျေနပ်ပြီလား. . . သမထက ကမ္ဘာပျက်တိုင်းရှိတယ် (တင်ပါ့ဘုရား)။

## တရားခိုးတာအပြစ်မရှိဘူး

အဲဒီလိုဟောလိုက်တော့မှ သူကျေနပ်သွားပြီးတော့ တပည့်တော် ရိုးရိုးနဲ့ ဒီသာသနာတော် ဝင်လာတဲ့ ပုဂ္ဂိုလ် တစ်ယောက် မဟုတ်ဖါဘုရား. . .။ တရားခိုးမလို့ ဝင်လာ တာပါ။ တပည့်တော်အပြစ်ကို တပည့်တော် တောင်းပန်ပါ တယ်. . . (တင်ပါ့)၊ အေး-မင်းအပြစ်ကို မင်းသိလို့ တောင်းပန်လို့ ရှိရင်လည်း တို့ဘုရား၏ ထုံးတမ်းမှာ မင်းဟာ ဘာမှ အပြစ်မရှိတဲ့ ပုဂ္ဂိုလ်ထဲ မင်းရောက်သွားပြီ. . . (တင်ပါ့)၊ အပြစ်ရှိနေရင် ရဟန္တာဘယ်ဖြစ်မလဲ။ ဖြစ်နိုင်ပါ့

www.dhammadownload.com



မလား. . . အပြစ်ရှိရင် တရားခိုးတာ အပြစ်မရှိဘူး. . . တဲ့။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

တရားခိုးတာ အပြစ်မရှိဘူး. . . တဲ့။ အဲဒီတော့ ခင်ဗျားတို့ကို သင်လွှတ်တာဟာ ရှေ့က ဝိပဿနာဉာဏ်ကို အားထုတ်ပါ။ နောက်က မဂ်ဉာဏ်လိုက်ပါလိမ့်မယ်။ ဒါကို ဘုန်းကြီးက အကိုးအကားနဲ့ ဖော်ပြလိုက်တာပဲ။ ရှင်းပြီလား. . . (တင်ပါ့ဘုရား)။

## ဝိပဿနာမဂ်ကပွားရမယ်

ရှေ့က ဝိပဿနာဉာဏ်ကို အားထုတ်. . . (နောက်ကမဂ်ဉာဏ်လိုက်ပါလိမ့်မယ်ဘုရား)၊ နောက်က မဂ်ဉာဏ်က သူ့အလိုလိုလာလိမ့်မယ်။ ဝိပဿနာ ရင့်ကျက်လာပြီဆိုရင် မဂ်ဉာဏ်မလိုက်ပါနဲ့ဆိုလို့ ရရဲ့လား. . . (မရပါဘုရား)၊ ဒါဖြင့် မဂ်ဉာဏ် အလုပ်ဟာ ဆုတောင်းအလုပ်လား၊ ဝိပဿနာ ဘာဝေ တဗ္ဗကိစ္စအလုပ်နဲ့ရမယ့် အလုပ်လား ဆိုတာကို ခင်ဗျားတို့ ဆုံးဖြတ်ချက်ချရမယ်. . . (တင်ပါ့)၊

ပွားရမယ့် အလုပ်ဆိုတော့ ခင်ဗျားတို့ဟာ ဆရာကောင်း တပည့်တွေ ဖြစ်နေတော့. . . ခင်ဗျားတို့က လောကုတ္တရာမဂ် ပွားရမှာလား၊ လောကီမဂ် ပွားရမှာ လားဆိုတာကို ဝေဖန်ကြည့်လိုက်. . . (လောကုတ္တရာ မဂ်ကို

www.dhammadownload.com



မပွားရပါဘုရား)၊ လောကုတ္တရာမဂ်ကို မပွားရဘူး။ လောကီမဂ်ကိုပွားရမယ်။ လောကုတ္တရာမဂ်က တစ်ကြိမ်သာကျတယ်။ နှစ်ကြိမ်တော့ မကျဘူး (တင်ပါ့)၊ ကျကောင်းရဲ့လား။ (မကျကောင်းပါ)၊ သကဒါဂါမိမဂ်လည်း တစ်ကြိမ်ပဲ. . . (တစ်ကြိမ်ပါဘုရား)။

## လောကုတ္တရာမဂ်ကတစ်ကြိမ်ပဲ

သူ့ရှေ့မဂ်တွေကတော့၊ အင်္ဂါငါးပါးရှိတဲ့ မဂ်တွေကတော့ အကြိမ်ပေါင်းများစွာကျတယ်။ လောကုတ္တရာမဂ်ကျတော့ တစ်ကြိမ်ပဲဆိုတယ်။ သဂြိုဟ်ကလည်း ခင်ဗျားတို့ သင်ထားတော့ "မဂ္ဂါဘိညာ သကိံမတာ" မဂ္ဂါဘိညာ-မဂ်ဇော အဘိညာဉ် ဇောတို့ကို။ သကိံ-တစ်ကြိမ်ဟူ၍။ မတာ = သိအပ်ကုန်၏။ အကြိမ်ကြိမ်ပွားရတာ ဟုတ်ရဲ့လား. . . (မဟုတ်ပါ)၊ ဘယ်မဂ်ကို ပွားရသလဲ. . . (လောကီမဂ်ပွားရပါမယ်)၊ လောကီမဂ်ပွားရမယ်။ အဲဒါကလေး ရှင်းထားတယ်။

အဲဒီတော့ လောကီမဂ်က ခင်ဗျားတို့ ပွားရမယ်။ လောကုတ္တရာမဂ်ကတော့ ပွားဖို့မလိုဘူး။ တစ်ကြိမ်ပြီးလျှင် နောက်-နှစ်ကြိမ်မဇောနိုင်ဘူး။ ဇောနိုင်သေးရဲ့လား. . . (မဇောနိုင်ပါဘုရား)။

www.dhammadownload.com



အဘိညာဉ်ဇောမက်ဇောများက တစ်ကြိမ်သာ စောနိုင်တယ်။ ဒီမှာ ဆရာကောင်းတွေ ဖြစ်ပြီးသကာလနေတော့။ မဂ်ဆိုတာ ပွားယူရမယ်ကွ။ ရမ်းချလိုက်တယ်. . . (မှန်ပါ့)၊ ဘယ်မဂ်ကိုမဂ်လို့ခဲ့ပြီး မသိပြန်လို့ရှိရင်လည်း ကိုယ်ကျိုးနည်းပြီနော်. . . (တင်ပါ့) အခုတော့သိပြီ။ ဘယ်မဂ်ကို ပွားရမယ်၊ ဘယ်မဂ်ကတော့ မပွားဘဲနဲ့ ပေါ်လာမယ်. . . (လောကီမဂ်ကို ပွားရမယ်)၊ လောကုတ္တရာမဂ်ကတော့ သူ့အရှိန်နဲ့သူ ပေါ်လာမယ်။ သဘောကျသလား. . . (မှန်ပါ့)။

## ဝါးနှစ်လုံးပွတ်တဲ့ဥပမာ

အဲဒီတော့ ဝါးနှစ်လုံးပွတ်တဲ့ အခါကျလို့ရှိရင်ဖြင့် မီးထွက်ပြီးသည်နောက် ကျုပ်တို့က ပွတ်ဖို့ လိုသေးရဲ့လား. . . (မလိုပါဘုရား)၊ မီးပူအောင်ပွတ်တာက (တပည့်တော်တို့တာဝန်)၊ အများကြီးကြာကြာပွတ်ရမယ်နော်။ ဝါးနှစ်လုံးပွတ်တဲ့အခါ ပူအောင်ပွတ်တာကတော့ ကြာတယ်။ မီးထွက်တော့ ပွတ်ဖို့လိုသေးသလား. . . (မလိုပါဘုရား)၊ အဲ. . . လောကုတ္တရာမဂ်နဲ့ မီးထွက်တာနဲ့ တူတယ်။ လောကီမဂ်နဲ့ပွတ်တာနဲ့ (တူပါတယ်)၊ ဒါဖြင့် ဘာဝေတဗ္ဗကိစ္စဆိုတာ ဘယ်ကိစ္စကိုဆိုတာလဲ. . . (လောကီမဂ်ကိစ္စပါ

www.dhammadownload.com



ဘုရား)၊ အဲဒါ. . . သေသေချာချာ မှတ်ထားကြ (တင်ပါ့)၊ လောကုတ္တရာမဂ်ကို ပွားဖို့မလိုဘူး. . . (တင်ပါ့)၊ လောကီမဂ်ရင့်လာလို့ရှိရင် လောကုတ္တရာမဂ်အလိုလို ပေါ်လာတယ်. . . (တင်ပါ့)၊ ရှင်းပြီလား။

## လောကီမဂ်သာပွားရမှာ

ဒါဖြင့် "မဂ္ဂဘာဝနာတိ သမယေန အဘိသမေတိ" လို့. . . ဘုရားက ဟောထားတယ်။ မဂ္ဂ-မဂ်ကို၊ ဘာဝနာတိသမယေန အဘိသမေတိ-ဆင်ခြင်ပွားများမှ ရနိုင်တယ်ဆိုတဲ့ဟာ ခင်ဗျားတို့ တစ်လုံးတည်း ယူထားလိုက်မှာကို ကျုပ်စိုးရိမ်တယ်. . . (မှန်ပါ့)၊ တစ်လုံးတည်း မယူနဲ့၊ လောကီမဂ်ကိုဆိုတာ။ လောကုတ္တရာမဂ်ကို ဆိုတာမဟုတ်ဘူး. . . (တင်ပါ့)၊ ရှင်းပြီလား (ရှင်းပါပြီ)၊ ပေါ်ပြီလား၊ မပေါ်ဘူးလား (ပေါ်ပါပြီဘုရား)။

ပဋိသမ္ဘိဒါ မဂ်က ဒီအတိုင်းဆိုတယ်. . . (တင်ပါ့)၊ ဘာဝေတဗ္ဗကိစ္စဆိုတာ ဒီမဂ်ကွ။ ဒီမဂ်ဆိုစရာမလိုပါဘူး၊ ဒီမဂ်က သစ္စာလေးချက် တစ်ပြိုင်နက်လာတယ်။ တစ်ပြိုင်နက် မြင်ပြီး ဒီမဂ်ပြီးတာပဲ။ သူက သစ္စာလေးပါးမမြင်တဲ့ မဂ်ကိုသာ ပွားနေရတာ (တင်ပါ့)၊ ရှင်းပြီလား။ ဒါက သစ္စာလေးပါးမြင်တဲ့ရှစ်ပါး။ နောက်က ဒီငါးပါးက သစ္စာလေးပါး

www.dhammadownload.com



မမြင်တဲ့မဂ် တစ်ပါးတည်း ရှိနေတာပဲ။ ဟိုကတော့ လေးပါး တစ်ပြိုင်နက်ပြီးတယ်။ ပေါ်ပြီလား ကိုထွန်းရင်. . . (ပေါ်ပါပြီဘုရား)။

## ဘာမဂ်ကို ပွားရမလဲ

ဒါဖြင့် ဘာမဂ်ကိုပွားရမလဲ. . . (လောကီမဂ်ကို ပွားရပါမယ်)။ လောကီမဂ်ပွားရမယ်။ လောကီမဂ်က ဘယ်နှစ်ပါးရှိသလဲ. . . (ငါးပါး)၊ ငါးပါးရှိတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒါပဲရှိတယ်။ သီလမပါဘူး။ သီလမပါဘူးလို့ တစ်နေ့ကပဲ ရှင်းပြီးခဲ့ပါပြီ။ သဘောကျသလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ သီလမပါတာ မပါရင်နေပါစေ. . .၊ သီလ ဘာလို့မပါသတုံးဆိုတော့ ဝင်လိုက်ထွက်လိုက်နဲ့ မမြဲဘူး။ ဝိရတီဆိုတာ အနိယတ စေတသိက်။ ခင်ဗျားသဂြိုဟ်သင်ဖူးသားပဲ။ မြဲရဲ့လား. . . (မမြဲပါဘုရား)၊ မမြဲတော့ သူ့ကိုသီလမမြဲသေးတော့ ပုထုဇဉ်စိတ်။ သီလမြဲရင် သူကအရိယာဖြစ်သွားတယ်။ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်)၊ သီလမမြဲသေးရင်. . . (ပုထုဇဉ်စိတ်ပါဘုရား)၊ သီလမြဲရင်. . . (အရိယာပါဘုရား)၊ သီလမြဲရင် အရိယာစိတ်။ ပုထုဇဉ်မှာ မဂ်သီလမှမရဘဲ။ သဘောကျသလား (တင်ပ့ါ)၊

www.dhammadownload.com



ကောင်းပြီ. . . ဒီဒကာတွေမှာ ယခု အစိတ်အပိုင်းကလေးတွေချည်း ပြောလွှတ်တယ်ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)၊ လောကီမဂ်တော့ ပွားရမယ်။ လောကုတ္တရာမဂ်ကိုတော့ မပွားနဲ့မပွားရဘူး။ သူ့ဘာသာသူ ပေါ်လာလိမ့်မယ်။ ဒါက ရင့်ရင်ရင့်သလို ပေါ်လာလိမ့်မယ်။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်ကောင်းပြီ. . . ဒါဘယ်သူ့ ဟောသတုံးဆိုတော့ သုသိမပရိဗိုဇ်ကိုဟောတာ၊ သုသိမပရိဗိုဇ် မဟောခင်တုန်းက ရဟန္တာတွေတက်လာတာ ဒီဟာနဲ့ပဲ ကူးသွားတာပဲ။ လောကီမဂ်ကနေပြီး လောကုတ္တရာမဂ်ကို ကူးသွားတယ်။ ကောင်းပြီ ဒါဖြင့် ရှင်းသည်ထက်ရှင်းအောင် ရှင်းပေးပါဦးဘုရား. . . လို့ မေးဖို့မလိုဘူးလား (လိုပါတယ်)၊ ရှင်းပေးပါမယ်။ ဦးသံဒိုင် ပဋ္ဌာန်းတို့ ဘာတို့ သူများပြောသံဆိုသံဖြစ်စေ၊ ကိုယ့်ကိုယ်တိုင်ဖြစ်စေ အနည်းအကျဉ်းကြားဖူးလိမ့်မယ်။ အနန္တရပစ္စည်းဆိုတာ မလာဘူးလား. . . (လာပါတယ်)၊ အခြားမရှိဘူးဆိုတာ ဒီကြားနဲ့ဒီကြား အခြားမရှိဘူးကွာ. . . (မရှိပါ)၊ မရှိဘူး. . .။ ဘယ်ရှိမလဲ ဘယ်စိတ်မှ အခြားမရှိဘူး။

www.dhammadownload.com



## ဝိပဿနာမဂ်ရင့်လာရင်

ဝိပဿနာမဂ်သာ ရင့်လာလို့ရှိရင် ဟောဒီ လောကုတ္တရာ မဂ်ကို သူက အနန္တရပစ္စည်း ဆက်သွားပြီး သူ့ကျေးဇူးပြုတယ်၊ ခြားသေးသလား ဒီကြားထဲတွေ့ရာတွေ ဘာတွေ လာသေးလား (မလာပါ)၊ ဒီပြင်ဘဝင်တွေ ဘာတွေ တောင် မလာပါဘူးကွ။ ပရိကံ ဥပစာ အနုလုံဂေါတြဘူမဂ် ဆိုတော့၊ ပရိကံ ဥပစာအနုလုံမှာ ဖြစ်ပျက် အာရုံပြု. . . (တင်ပါ့)၊ မဟုတ်ဘူးလား. . (မှန်ပါ့)။

## လောကုတ္တရာမဂ်ကို ကျေးဇူးပြုတယ်

အဲဒီတော့ အနန္တရပစ္စည်းဆိုတော့ကို သဘောကျ သလား (မှန်ပါ့)၊ အခြားမရှိဘူး။ မဂ်၊ လောကုတ္တရာမဂ်ကို ကျေးဇူးပြုလိုက်တယ်။ ဒါမှတ်ထားလိုက် ပြီးတာပဲ။ ဩော်. . ဝိပဿနာမဂ်ကို အားထုတ်နေရင် ဝိပဿနာမဂ်က သူ ချုပ်သွားတဲ့ တစ်နေ့ လောကုတ္တရာမဂ်ကလာပြီး ကျေးဇူးပြု မှာပဲ ဆိုတာ စွဲစွဲမြဲမြဲ မှတ်ထား။ ဒါကြောင့် သူဟာ အနန္တရ ပစ္စည်း. . .။

www.dhammadownload.com



# အနန္တရပစ္စည်းသာကြိုးစားပါ

သူက အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ရှင်းပြီလား. . . (ရှင်းပါပြီ)၊ အေး. . . ကဲ-ဒါဖြင့် ဒါကသံယုတ်အဋ္ဌကထာမှာ သေသေချာချာလာတယ်လို့ မှတ်လိုက်ပါ။ ဝိပဿနာက အနန္တရပစ္စည်း မဂ္ဂင်ရှစ်ပါးက အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်။ ဝိပဿနာမဂ်ငါးပါးက အနန္တရပစ္စည်း။ နောက်မဂ္ဂင်ရှစ်ပါးက ပွတ်ရင်းနဲ့ ပေါ်လာမှာက အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်။ အဲဒီတော့ အခြားမရှိဘူး။ အခြားမရှိဘူးဆိုတော့ ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ် ဖြစ်တာပဲ။ နောက်, မဂ်ဉာဏ်ဆိုတော့ ဒါပဲ။ ဒါဘုရားဟောတာနဲ့ ကိုက်မသွားဘူးလား. . . (မှန်ပါ)၊ ဘုန်းကြီးတို့ကတော့ အစုန်အဆန် ခင်ဗျားတို့ကို လိုလေသေးမရှိအောင် သင်ပါ့မယ်. . . (တင်ပါ)၊ သဘောကျပြီလား. . . (တင်ပါ)။

အဲဒီ့တော့ ဝိပဿနာ ဉာဏ်က ဘယ်နှစ်ဉာဏ်ရှိသတုံး လုပ်မနေနဲ့တဲ့။ ဝိပဿနာ ဒီဉာဏ်တစ်ခုပဲတဲ့။ ဒီငါးပါးကိုပဲရှု။ ဖြစ်ပျက်မြင်လို့ရှိရင် ဥဒယဗ္ဗယ။ အပျက်မြင်လို့ရှိရင် ဘင်္ဂ။ ဘေးတွေ ထင်လာရင် ဘယ။ ဟုတ်လား. . . အပြစ်တွေ မြင်လာရင် အာဒီနဝ။ ငြီးငွေ့လာရင် နိဗ္ဗိန္ဒ ဒီငါးပါးပဲ ပြားတာ မဟုတ်ဘူးလား. . . (တင်ပါ့ဘုရား)။

www.dhammadownload.com



## အနန္တရပစ္စယပ္ပန်က၊ ဓမ္မနိယာမအတိုင်းလာမယ်

ဒီငါးပါးလုပ်၊ ဒီငါးမျိုးကို နာမည်အမျိုးမျိုးပေးနေတာ။ ရှင်းပြီလား. . . (တင်ပါ့)၊ ယုတ်စွအဆုံး ဘုန်းကြီးပြောမယ်၊ ပရိကံဉပစာ အနုလုံဆိုတာတွေလည်း ဒီငါးပါးပဲ။ ဂေါတြဘူဆိုတာတောင် ဒီငါးပါးရှိသေးတယ်၊ ရှစ်ပါးမပြည့်သေးဘူး။ ပြီးတော့မှ ဂေါတြဘူဆိုတော့မှ မဂ်ဆိုတဲ့ ဝီထိမှာ မလာဘူးလား (လာပါတယ်)၊ အင်း. . . လာတော့မှ ရှစ်ပါးသွားပြည့်တယ်။ အဲဒီတော့ သူတို့က အနန္တရပစ္စည်းတွေဆိုတာ သေချာပြီလား. . . (မှန်ပါ့)၊ အဲဒီအနန္တရပစ္စည်းသာခင်ဗျားတို့က ကြိုးစားပါ။ အနန္တရပစ္စယုပ္ပန်ဟာ သူ့ဓမ္မနိယာမအတိုင်း လာမယ် (တင်ပါ့ဘုရား)။

## ဉာဏ်စဉ်ဘယ်သူကလုပ်တာလဲ

ခင်ဗျားတို့ ဆုတောင်းနေဖို့မလိုဘူး။ ပေါ်ပြီလား။ ဒါ-သေသေချာချာမှတ်။ နို့မို့ ဉာဏ်စဉ် ဘယ်သူကလုပ်တာလဲ ဉာဏ်စဉ်ဒီငါးပါးကလုပ်တာပဲ။ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကလည်း ဒီငါးပါးကလုပ်တာပဲ။ ဒီဖြစ်ပျက်ကို တစ်ခါအပျက်ချည်း မြင်နေတဲ့ဉာဏ်ကရော-(ဒီငါးပါး)၊ မဟုတ်ဘူးလား။ ဉဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယဘေးတွေ မြင်တာရော. . . (ဒီငါးပါးပဲ)၊ ဒီငါးပါးပဲနော်. . .။ အာဒီနဝ အပြစ်တွေ မြင်နေတာ

www.dhammadownload.com



ရော- (ဒီငါးပါးပါ) အေး-ဒီငါးပါးပဲဆိုတော့ ကျုပ်တို့က ဒီက နေ ထိုင်ကြ။ ဟိုဉာဏ်စဉ်က ပြောင်းလာတယ်လို့ ခင်ဗျားတို့က သွားမထင်နဲ့။ ကျုပ် တို့သန္တာန်မှာ ဒီငါးပါးထက် ပိုမပေါ်ဘူး ဆိုတော့ ဘုန်းကြီးက ပြောတာက လိုရင်းကို ကိုင်ပြောလိုက်တာ။ ဟိုဉာဏ်စဉ်သမားက ဒါကနေ ကိုင်ပြောတာ မဟုတ်ဘူး။ ပြောပုံချင်း တစ်မျိုးစီဖြစ်နေတယ်။ သဘောပါရဲ့လား. . .။

## အမြင်သာပြောင်းသွားတာ ဖြစ်စဉ်ကငါးပါးပဲ

ဉာဏ်စဉ်သမားက ဒါပြောတာမဟုတ်ဘူး. . .။ သီးခြားပိုထူးတယ်လို့ပြောတာ။ ဒီဉာဏ်ထူးတာဟာ ငါးပါးထက် ပိုသေးသလား။ ခင်ဗျားတို့က ဒီကနေ ထိုင်စောင့်နေ။ ဘယ့်နှယ့်တုံး၊ သဘောပါရဲ့လား။ ဖြစ်ပျက်မြင်တာလည်း ဒီငါးပါးကမြင်တာပဲ။ ဖြစ်ပျက်မုန်းတာရော. . . (ဒီငါးပါးပဲ)၊ အင်း. . . ဒါဖြင့် ဖြစ်ပျက်ကို လျစ်လျူရှုနေရင်ရော. . . (ဒီငါးပါးပဲ)၊ အဲဒီတော့ ဒီငါးပါးမထူးဘူးဆိုကတည်းက ဩော်. . . ဒီငါးပါးဟာ အမြင်သာပြောင်းသွားတာ ဖြစ်စဉ်က ငါးပါးပဲ။

ဒီကနေထိုင်ကြည့်။ ဟိုဉာဏ်စဉ်တွေ မရောနဲ့။ သူ့ဟာသူ့ အမြင်တွေကပြောင်းတာနဲ့ ကျုပ်တို့က မြင်တတ်တဲ့

www.dhammadownload.com



ဓမ္မက ပြောင်းလို့ရှိရင်လည်း ဉာဏ်ပြောင်းတယ်ခေါ်ရရဲ့။ အခု ဒီဉာဏ်က ပြောင်းရဲ့လား. . . (မပြောင်းပါဘုရား)၊ မပြောင်းနိုင်တော့ သူ့ကို အမှန်ထားပါ။ သဘောပါကြရဲ့လား. . . (ပါ,ပါတယ်ဘုရား)။

## ဘုရားကသုဿိမကိုနှစ်ဉာဏ်ပဲပေးတယ်

ဒါ. . . အင်မတန် အရေးကြီးတဲ့စခန်း ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှုပ်နေမှာကို ဘုန်းကြီးက ပူပန်ပြီး သိပ်စိုးရိမ်တယ်။ သိပ်စိုးရိမ်တာက တခြားမဟုတ်ပါဘူး။ ဉာဏ်ပြောင်းသွားတော့ကို ဒီဉာဏ်တွေပင်လျှင် ခြောက်ပါးဖြစ်လာတယ်။ ရှစ်ပါးဖြစ်လာတယ်လို့ ထင်မှာသိပ်စိုးရိမ်တယ်။ ရှစ်ပါး ဘယ်တော့မှ မဖြစ်ဘူး။ ဒါကြောင့် သုသိမကို ရှေးဦးစွာ ဝိပဿနာ နောက်မဂ်ဉာဏ်ကွ. . . လို့ဆိုတော့ နှစ်ဉာဏ်ပဲ သွားချတယ်။ အဲဒီကျတော့ ဘယ်နှစ်ဉာဏ်ပေးသလဲ (နှစ်ဉာဏ်ပဲ ပေးပါတယ်)၊ နှစ်ဉာဏ်ပဲပေးတယ်။

## အနတ္တလက္ခဏသုတ်မှာသုံးဉာဏ်ပဲပေးတယ်

တစ်ခါ. . . အနတ္တလက္ခဏာသုတ်ကျတော့ ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မဂ်ဉာဏ်လို့ သုံးဉာဏ်ပေးတယ်။ သဘောကျပြီလား။ သုသိမပရိဗိုဇ်ပေးတဲ့ နေရာကျ

www.dhammadownload.com



တော့ နှစ်ဉာဏ်ပဲ ဟောတယ်။ ရှေ့က ဝိပဿနာဉာဏ် ဟိုဉာဏ်တွေအကုန် ပေါင်းပစ်တယ်။ ဥဒယဗ္ဗယ၊ ဘင်၊ ဘ၊ ယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုဉ္စိတုကမျတာဉာဏ်၊ ဟောဒါကျအောင် ဝေါ်ဟြဘူကျအောင် အကုန်ပေါင်းပစ်ကယ်။ သဘောကျပြီလား. . . (တင်ပါ့)၊ ဘာဖြစ်လို့ ပေါင်းသတုံးဆိုတော့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှင်းပြီးယူသွားစမ်းပါ၊ ငါးပါးက မတက်လို့ပေါ်ပြီလား. . . (မှန်ပါ့)၊ ဒီငါးပါးထက် တက်သေးသလား. . . (မတက်ပါဘုရား)။

## ဉာဏ်မပြောင်းဘူးအမြင်သာပြောင်းတာ

ဒီငါးပါးတက်လာလည်း ဉာဏ်ပြောင်းတယ်ဆိုမယ်. . .။ ငါးပါးမတက်သရွေ့ ကာလပတ်လုံး ဉာဏ်ပြောင်းဆိုမလား အမြင်ပြောင်းဆိုမလား. . . (မပြောင်းပါ)၊ အေး. . . ဉာဏ်မပြောင်းဘူး။ အမြင်သာ ပြောင်းတယ်။ အမြင်ကတော့ ဖြစ်ပျက်ချည်းမြင်တဲ့ဉာဏ်၊ အပျက်ချည်း မြင်တဲ့ဉာဏ် ရှင်းပြီလား - (ရှင်းပါပြီ)၊ ငြီးငွေ့လာရင် ငြီးငွေ့တယ်။ ဘာပဲငြီးငွေ့၊ ဘာပဲမြင်မြင် သင်္ခါရမြင်တာသာ တစ်လုံးတည်းထိုင်လိုက်. . . (တင်ပါ့)၊ ရှင်းပြီလား. . . (တင်ပါ့)၊ သင်္ခါရမှတစ်ပါး ဘာမြင်သေးသလဲ။ ဘာမှမမြင်လို့ ရှိရင်ဖြင့် မဂ္ဂင်ကို ဘယ်နှစ်ပါးနဲ့ မြင်နေတာလဲဆိုရင်. . .

www.dhammadownload.com



(ငါးပါးနဲ့မြင်ပါတယ်)၊ အင်း. . . ငါးပါးနဲ့မြင်နေတာကို ဆုံးဖြတ်ချက်ချလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ကလုပ်ရမှာ မဟုတ်ဘူး. . . တဲ့။ ခမွကာ သူ့ဟာသူပြောမယ်။ ရှင်းပြီ လား. . . (တင်ပါ့ဘုရား)။

## ရှစ်ပါးမဖြစ်သ၍ဉာဏ်မဆုံးဘူး

အဲဒီတော့ ငါဘယ်နှစ်ဉာဏ်ရပြီလို့ သွားပြီး မယူ လိုက်နဲ့တဲ့နော်. . . ဘယ်နှစ်ဉာဏ်မှမရဘူး။ ဒီငါးပါး ရတယ် လို့ယူပါ. . . (မှန်ပါ့)၊ ဒီဟာမရသေးသရွေ့ ဉာဏ်မဆုံးသေး ဘူးလို့ မှတ်လိုက်ပါ (တင်ပါ့)၊ ပေါ်ပြီလား။ ဒီငါးပါးက ရှစ်ပါး မဖြစ်သရွေ့ ဉာဏ်ဆုံးပြီလား. . . (မဆုံးပါ)၊ မဆုံးဘူး။ မဆုံး သေးပါဘူး. . . တဲ့။ ဉာဏ်ဆုံးက ဒီရှစ်ပါးမှာ လာဆုံးမယ်. . (တင်ပါ့)၊ သောတာပတ္တိမဂ်လည်း ရှစ်ပါး။ သကဒါဂါမိ မဂ်လည်း ရှစ်ပါး။ အနာဂါမိ မဂ်လည်း ရှစ်ပါး။ အရဟတ္တ မဂ်လည်း ရှစ်ပါးပဲ။ ပိုသေးသလား (မပိုပါဘုရား)၊ မပိုပါဘူး တဲ့။ ကဲ-ဒါဖြင့် ဩော်. . . ဉာဏ်စဉ်ဆိုတာသည် ဒီဉာဏ်က စဉ်တာလား, အာရုံပြောင်းတာလား. . . (အာရုံပြောင်းတာ ပါ)၊ ဒီလိုယူရမယ်။

www.dhammadownload.com



# ဉာဏ်စဉ်တော့ငါးပါးပဲရှိတယ်

အဲဒါ မကွဲပြားတော့ ကိုယ့်ဉာဏ် တက်လာတယ်လို့ ဒီလိုထင်ပစ်လိုက်တယ်။ ဉာဏ်မတက်ပါဘူး။ ဉာဏ်ငါးပါး ထက် ဘယ်သူမှ မပိုဘူး။ ဘုရားလည်း ဒါပဲ။ ဒီဉာဏ်က ဒီဉာဏ်တက်တာလည်း ငါးပါးကရှစ်ပါး တက်တာပဲ။ အရှင် သာရိပုတ္တရာလည်း ငါးပါးက ရှစ်ပါးတက်တာပဲ။ အဲဒီတော့ အခုလောကကြီး ပြောဆိုနေကြတာက ဉာဏ်စဉ် ဘယ် လောက် ရောက်ပြီလဲဆိုတော့ ဘုန်းကြီးများက ဟ. . . ဉာဏ်စဉ်တော့ ငါးပါးပဲ ရှိသေးတယ်။ သဘောပါပြီလား. . ။

အဲဒီတော့ ဉာဏ်ကစဉ်လာတော့ အမြင်သာ သူ့ဟာ က ရှေ့က အာရုံက ပြောင်းပြောင်းသွားတယ်။ ဖြစ်ပျက်အာရုံ က အပျက်ချည်းပြချင်နေတယ်။ ဒါ. . . သူတက်သွားတာ ကို ဉာဏ်က တက်တက်မသွားဘူးလား. . . (တင်ပါ့ဘုရား)၊ တက်မသွားပေမယ့်လည်း တက်လို့ဉာဏ်တစ်ခု ပိုတိုးလာ သလားလို့မေးတော့ ဒီငါးပါးပဲ. . . (တင်ပါ့)၊ ကျေနပ်ပြီ လား. . . (ကျေနပ်ပါပြီ)၊ အဲဒါ ကျုပ် လုပ်သာလုပ်နေတာ ဗျာ၊ ဉာဏ်ကို မတက်သေးပါဘူးလို့ ခင်ဗျားတို့ ဒီလိုမထင် လိုက်ပါနဲ့. . . တဲ့။

www.dhammadownload.com



## ဉာဏ်ကိုမတက်သေးဘူးမလုပ်နဲ့

ဆရာဘုန်းကြီးကို ကျုပ် ရန်ကုန်မှ မန္တလေးကို သွားပြီး ဆရာဘုန်းကြီးဆီ ဆည်းကပ်တာလည်း ဉာဏ်ကို မတက်သေးပါဘူး။ ကိုထွန်းရင်လည်း ဆိုချင်ဆိုမယ်၊ ဟိုကျ တော့ သူ့တရားကလည်း မှန်ပါတယ်၊ အဟောလည်း ကောင်းတယ်၊ ဘုရားဟောတော်မူတဲ့ ပါဠိတော်ကို ကိုးကား ပြီး သကာလ အမျိုးမျိုး၊ ပြပါတယ်။ ဉာဏ်ကို မတက်သေး ဘူး မလုပ်နဲ့. . . ။ ငါဘုရားသေသေချာချာဟောမယ်. . . တဲ့၊ ဘုရားက ထုတ်ပြတယ်။

## ဉာဏ်တက်တယ် မတက်တယ်ဆိုတာ

မင်းဉာဏ်တက်တယ်၊ မတက်တယ်ဆိုတဲ့ဥစ္စာ ကွာ. . . တဲ့။ ငါရှင်းပြမယ်. . . (တင်ပါ့)၊ လက်သမားမှာ တစ်ဖက်က ဆောက်ကိုင်တယ်. . . ။ တစ်ဖက်က လက်ရိုက် ကိုင်ထားတယ်၊ ကိုင်ပြီးတော့ နေ့တိုင်း ကြေးခွေတွေ ဘာတွေ ထွင်းကြတာပေါ့ဗျာ။ ထွင်းကြတော့ လက်ရိုက်မှာ လက်မရာ၊ လက်လေးချောင်းရာတွေ မထင်ပေဘူးလား. . . (တင်ပါ့ ဘုရား)၊ တစ်နေ့ ဘယ်လောက်စားသွားလို့ ထင်တာတုံး ဆိုတာ ပြောလို့ရရဲ့လား (မရပါဘုရား)၊ စားတော့လည်း စားတာပဲ။ လက်ချောင်းရာ လက်မရာတွေကတော့ ထင်တာ

www.dhammadownload.com



ပဲ. . . (တင်ပါ့ဘုရား)၊ မထင်ဘူးလား. . . (ထင်ပါတယ်)။

ကိလေသာကိုတော့ စားနေတာပဲ. . .။ ဘယ်နေ့ ပညာတက်တယ်လို့တော့ဖြင့် ငါမပြောဘူးကွ၊ ကိလေသာ ခေါင်းပါးတာတော့ဖြင့် အမှန်ပဲ။ ဝါသိဇ္ဇသုတ်ဆိုပြီးတော့ သံယုတ်ပါဠိတော်မှာပါတယ်။ ဝါသိဇ္ဇသုတ်ဆိုတာ လက်သမား များကိုင်တဲ့ လက်ရိုက်ရိုးကွ။ ရိုက်သာရိုက် လက်ချောင်းရာ လက်မရာကတော့ဖြင့် ဒီပဲကွပ်ရိုးကို စားလိမ့်မယ်။ ခင်ဗျား ကိလေသာကြီးကို ဒီမဂ်က စားလိမ့်မယ်ပြောတာ. . . (တင်ပါ့)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)၊ ငါဉာဏ်မတက်သေး ဘူး။ ငါ ဉာဏ်မတက်သေးဘူးလို့ ဒီလိုမယူနဲ့၊ သူ့ဟာသူ တရားက အပေါက်ပိတ်လာတယ်။ ရှင်းပြီလား. . . (ရှင်းပါ ပြီဘုရား)။

## ကိလေသာကုန်မကုန်သာရှေးပါ

ဒါဖြင့် ခင်ဗျားလုပ်သာလုပ်. . . ကိလေသာ ကတော့ ပါးရမယ်။ ပါးသွားလို့ရှိရင်ဖြင့် အပ္ပရဇက္ခပုဂ္ဂိုလ် ဖြစ်လာလို့ရှိရင်ဖြင့် ပါးသွားရင် ဒီမဂ်ကို ကူးမယ်။ မပါးသေး ရင် ကူးကို မကူးဘူး။ သူက ရိုက်သမား ကိလေသာ အရိုးက ကုန်သမား။ သဘောကျပြီလား. . . (တင်ပါ့)၊ မဂ္ဂင်ငါးပါးက ရိုက်။ ကိလေသာ အရိုးကလည်း ပါးရမယ် ရှင်းပြီလား. . .။

www.dhammadownload.com



ဒါဖြင့် မဂ်ရထိုက်တဲ့ပုဂ္ဂိုလ်၊ မရထိုက်တဲ့ပုဂ္ဂိုလ် ဒီလိုရွေးမနေနဲ့။ ကိလေသာကုန်၊ မကုန်သာ ခင်ဗျားတို့ ကျုပ်တို့က ရွေးဖို့သာလိုတယ်. . . (တင်ပါ)၊ ကိလေသာကုန်၊ မကုန်ရွေးဖို့ပဲ။ ကုန်သွားရင် ရမှာပဲ၊ ကိလေသာတွေကြောင့် မရတာကိုး. . . ဗျ။ တခြားနည်းကြောင့်တော့ ဘာမှ ခင်ဗျားတို့ စဉ်းစားမနေနဲ့။

## ဘုရားကတော့ နှစ်ဉာဏ်နှင့် သုံးဉာဏ်ပဲ ဟောတယ်

ကဲ. . . ဒါ ရှင်းသွားပြီလား. . . (တင်ပါ)၊ ကောင်းပြီ - ဒါဖြင့် ဒီသုသိမပရိဗိုဇ်သုတ်၊ သံယုတ်ပါဠိတော် အလိုဖြင့် ဉာဏ်ဘယ်နှစ်ဉာဏ် ဘုရားဟောသလဲ၊ နှစ်ဉာဏ်ပဲ ဟောတယ် (နှစ်ဉာဏ်ပါ)၊ အနတ္တလက္ခဏာသုတ် အလိုတော့. . . (သုံးဉာဏ်)၊ သုံးဉာဏ်၊ သုံးဉာဏ်ဟောတယ်နော်. . .။ ပဋိသမ္ဘိဒါ မဂ်အလိုတော့ဖြင့် တစ်ဆယ့်ခြောက်ဉာဏ်လောက် ဟောချင်ဟောလိမ့်မယ်။ ဟောပင်ဟောငြားသော်လည်း. . . တဲ့ တစ်ဆယ့်ခြောက်ဉာဏ် ဟောထားသော်လည်း ဒီဉာဏ်နဲ့ ဒီဉာဏ်၊ ဒီဉာဏ်, ဒီဉာဏ် တစ်ခုတည်းကို တစ်ဆယ့်ငါးဉာဏ်လောက် လုပ်ပြီး ဒီတစ်ဉာဏ်ထည့် လိုက်တာပဲ. . . (မှန်ပါ)၊ တစ်ဆယ့်ခြောက်ခုဆိုပြီး အဲဒါကတော့ ခင်ဗျားတို့က အထူး

www.dhammadownload.com



တလည် တယ်များပါလား၊ ဒီဉာဏ်တွေတက်ရမှာ ငါမောမှ မောရချည်ရဲ့ ဒီလိုလည်း အားမလျှော့လိုက်နဲ့။ ဒီဉာဏ် တစ်ဉာဏ်တည်း လုပ်ရမယ်လို့မှတ် (တင်ပါ့)၊ သဘောပါပြီ လား. . . ။

## မိုးကြိုးပစ်တာထက်နာလိမ့်မယ်

ဒီတစ်ဉာဏ်တည်း ကျန်တော့တယ်. . . ။ သူ့ဟာသူ အမြင်ပြောင်းလိမ့်မယ်၊ အမြင်ပြောင်းတာကို ဉာဏ်ပြောင်း တာလို့ ယူထားတာ. . . (တင်ပါ့)၊ ဉာဏ်က ပြောင်းသလား၊ အမြင်ကပြောင်းတာလား. . . (အမြင်က ပြောင်းတာပါ)၊ အမြင်က ပြောင်းတာကို ဉာဏ်ပြောင်းတာလို့ ယူထားရင် ခင်ဗျားတို့ မိုးကြိုးပစ်တာထက် နာလိမ့်မယ်။ မနာပေဘူး လား. . . (နာပါတယ်)၊ သဘောပါသလား. . . (တင်ပါ့)၊ အဲဒီတော့ ဆရာကောင်း သမားကောင်း နည်းနာကောင်း ပေးတဲ့ပုဂ္ဂိုလ်က ဩော်-ကျုပ်ဉာဏ်မတက်သေးဘူးဆိုပြီး နောက်ဆုတ်မှာ စိုးရိမ်လို့ ပြောလိုက်တဲ့စကား။ ဉာဏ်မတက် သေးဘူးလို့ ခင်ဗျားတို့ ထင်ချင်ထင်မှာ၊ မထင်ဘူးလား။

ထင်တော့ ဉာဏ်မတက်ဘူးလား. . . ။ ဉာဏ်တက် ပါတယ်။ လုပ်သာလုပ် လက်ရိုက်တုတ် စားသွားသလို ရိုက်သာနေ မစားပေဘူးလား. . . (စားပါတယ်)၊ အဲ. . .

www.dhammadownload.com



စားတဲ့အခါ ကိလေသာ ပါးတယ်ဆိုကတည်းက ဉာဏ်တက်လို့ပေါ့ဗျ. . . (တင်ပါ့)၊ ကိလေသာ ပါးတာဟာ ဘာလဲ. . . (ဉာဏ်တက်တာပါ)၊ ကိလေသာကို ဉာဏ်ကမှသာနိုင်တာ၊ သုတ်သင်နိုင်တာကိုးဗျ၊ ဒီပြင်ဟာက သုတ်သင်နိုင်တာ ရှိရဲ့လား. . . (မရှိပါ)၊ မရှိတော့ ဒီဉာဏ်က သုတ်သင်သွားလို့ ကိလေသာပါးတာ။ အပျက်ချည်းမြင်နေသေးတာပဲ၊ ဒီဉာဏ်ကမြင်နေသေးတာပဲ၊ ကိလေသာက ပါးတယ်။ မဟုတ်ဘူးလား. . .။ အပျက်ချည်းမြင်နေလည်း ကိလေသာကတော့ ပါးမှာပဲ။ မဟုတ်ဘူးလား။ အပျက်ချည်း လျှစ်လျူရှုနေလည်း ကိလေသာကပါးတာပဲ။ ငြီးငွေ့နေလည်းပါးတာပဲ။ သဘောကျပြီလား။ တစ်ဖန်ပြန်ရှုနေလည်း ပဋိသင်္ခါဉာဏ်နဲ့ ပြန်ရှုနေလည်း ကိလေသာပါးတာပဲ. . .။

## ဝိပဿနာဉာဏ်ကအလုပ်မလုပ်ရင်ပြန်ဆင်းတယ်

အဲဒီပြောတဲ့ ဉာဏ်စဉ်တွေက မဂ်ဉာဏ် မရောက်သေးသမျှ ကာလပတ်လုံး ပြန်ဆင်းတဲ့ ဉာဏ်တွေလို့ မှတ်. .။ ဒါကြောင့် တစ်ဉာဏ်တည်းလို့ယူ၊ ဝိပဿနာဉာဏ်ကတော့ အခုပစ်ထား။ အခုပြန်ဆင်းသွားတာပဲ။ ခင်ဗျားတို့ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ မုဥ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ အကုန်ပြန်ဆင်း. . . (တင်ပါ့)၊

www.dhammadownload.com



အကုန်ပြန်ဆင်းတယ်။ ဘာဖြစ်လို့ ပြန်ဆင်းသလဲ မေးတော့ အမြင်သာ ပြောင်းတာကိုး။ သူကမှ မပြောင်းဘဲ။ သူကလည်း လောကီမဂ်ပဲ။ ဘယ်နှယ့်ဆိုကြမလဲ (လောကီမဂ်)၊ လောကီမဂ် ပြန်ဆင်းတယ်။ မဆင်းပေဘူးလား။ (ဆင်းပါတယ်)၊ အဲဒီတော့ ခင်ဗျားတို့က မဆင်းချင်ပါဘူး။ အထက် မဂ်တက်ချင်ပါတယ်၊ အထက်မဂ်တက်ချင်ပါတယ်ဆိုရင် ဟိုက အမြင်ပြောင်းပေမယ့်၊ သူဘာ ပြောင်းနေနေ ကိုယ့်အလုပ်သာ မပြောင်းနဲ့။ ကိုယ့်အလုပ်က သင်္ခါရတွေ ပြောင်းနေတာကို ကြည့်နေ. . . (တင်ပါ့ဘုရား)။

## အာရုံနှင့် အာရမ္မဏိက

ကိုယ့်အလုပ်ပဲကြည့်။ သင်္ခါရတွေ ပြောင်းနေတာကိုပဲ ကြည့်နေ။ စိုက်သာကြည့်နေ။ သင်္ခါရ ပျက်ပုံတွေကိုသာ စိုက်ကြည့်နော်. . .။ ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ကိုသာ စိုက်ကြည့်။ စိုက်ကြည့်နေ သူဟာသူရင့်ပြီး တစ်ခါတည်းဖြတ် ဆို ဒီဉာဏ်ချုပ်သွားပြီး ဒီဉာဏ်အစားထိုးလာမယ်။ ရှင်းပြီလား. . . (တင်ပါ့)၊ ဒါဖြင့် ဉာဏ်စဉ်ဆိုတဲ့ဉစ္စာသည် အာရုံက စဉ်တဲ့ဉစ္စာကိုဆိုတာ။ အာရမ္မဏိက,က စဉ်တာကို မဆိုရဘူး။ သဘောကျရဲ့လား (ကျပါပြီ)၊ အာရုံကတော့ အမျိုးမျိုး မပြောင်းဘူးလား။ အာရမ္မဏိကကတော့ ငါးပါးထက် ပိုသေးသလား. . . (မပိုပါဘုရား)။

www.dhammadownload.com



## အာရုံကဘာပြပြ၊ ရှုမြဲရှုနေ

အဲဒါ မှတ်ထားလိုက်ရင် ရှင်းသွားမယ်. . .။ တော်တော် ကျေနပ်ပြီလား. . (တင်ပါ့)၊ ကောင်းပြီ၊ ဒါဖြင့် အခု သုသိမ ပရိဗိုဇ်ကို ယနေ့ ရှင်းလင်းပြောသဖြင့် တို့ ဒီနှစ်ဉာဏ်နဲ့လုံနေရင်ရတယ်လို့ ခင်ဗျားတို့ နှစ်ယောက်က ဆုံးဖြတ်ချက်ချ။ အားလုံးက ဆုံးဖြတ်ချက်ချကြ. . . (တင်ပါ့)၊ ဒီနှစ်ဉာဏ်နဲ့ပဲ ဝိပဿနာမှာ အာရုံကဘာပြနေနေ ကျုပ်တို့က ရှုမြဲရှုနေ။ အာရုံက ဘာပြနေနေ ကျုပ်တို့က ရှုမြဲရှုနေ။ သဘောကျပြီလား (ကျပါပြီဘုရား)။

## သုရာမုခနှင့် သုပ္ပဗုဒ္ဓ

ဘာဖြစ်လို့လဲဆိုတော့ ဥပမာပုံတရားနာရင်း သုရာမုခတို့ သုရာမုခဆိုတာ သေသောက်သမားပေါ့ဗျာ။ တရားနာသွားတယ်၊ တရားနာသွားတော့ ဖျတ်ဆို သောတာပန်တည်လိုက်တယ်။ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲ လာတယ်။ နို့. . . ဉာဏ်စဉ်ကိုသူသိပါ့မလား (မသိပါဘုရား)၊ မသိဘူး၊ မသိဘူးနော်။

ရှေ့က ဝိပဿနာဉာဏ်လာပြီး မဂ်ဉာဏ်တက်သွားတယ်။ မဟုတ်ဘူးလား၊ သုပ္ပဗုဒ္ဓအနူကြီး တောင်းစားရင်း သွားရင်းနဲ့ပဲ သူ သောတာပန်တည်ခဲ့တယ်။ ဉာဏ်စဉ်သိပါ့မလား. . . (မသိပါဘုရား)၊ မသိဘူးတဲ့။

www.dhammadownload.com



# ဉာဏ်စဉ်ကဘယ်ကပေါ်လာသလဲ

နို့. . . ဉာဏ်စဉ်က ဘယ်ကပေါ်လာသလဲ၊ အို. . အရှင်သာရိပုတ္တရာက သူက ပညာအရာ ဧတဒဂ်ရလို့ မှတ်တမ်းများတဲ့လူမို့. . . (တင်ပါ့)၊ သဘောကျပြီလား၊ မှတ်တမ်းများတဲ့လူက ရေးထားတာလို့မှတ်ပါ။ ဘယ်သူမှ ဉာဏ်စဉ်မသိဘူး၊ ရှင်းပြီလား. . . (ရှင်းပါပြီ)၊ အေး-အဲဒီတော့ ကျုပ်တို့က ဘာရယ်လို့ မဟုတ်ဘူး. . . တဲ့၊ ကျုပ်တို့မှာ ဩော်. . . ဉာဏ်စဉ်ဆိုတဲ့ဥစ္စာဟာ သူကထူးတာမဟုတ်ပါလား၊ အာရုံက အပြထူးတာပါလားလို့ ခင်ဗျားတို့မှတ်ပါ. . . (တင်ပါ့ဘုရား)။

အာရုံက ဖြစ်ပျက်ကလေး ပြချင်ပြမယ်. . .။ အပျက်ရော. . . (ပြပါတယ်)၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီ နဝအဖြစ်ရော. . . (ပြပါတယ်)၊ သူက ပြချင်တာပြ၊ ဖြစ်ပျက် ပဲ. . . (တင်ပါ့)၊ ပြချင်တာပြ၊ ပြချင်တာပြ၊ သူကတော့ဖြင့် ဖြစ်ပျက်မှုမှတစ်ပါး ပိုပြစရာရှိသလား. . . (မရှိပါဘုရား)၊ မရှိပါဘူး။ သူက ပြတာပဲကလား၊ ငါ့ကို သူကပြတော့ မုန်းတယ်။ မုန်းတော့ ရွံတယ်။ ရွံတော့မလိုချင်ဘူး။ ဒါပဲရှိတာပဲ သဘောပါပြီလား၊ မလိုချင်, မလိုချင်တာက ဘာတုံး-ဒုက္ခ သစ္စာမှန်းသိလို့ မလိုချင်ဘူး။ မလိုချင်လို့ရှိရင် ဒုက္ခသစ္စာ ချုပ်သွားပြီးတော့ နိရောဓသစ္စာ ပေါ်လာတယ်။

www.dhammadownload.com



## ဘုရားက ဘယ်နှစ်ဉာဏ်ဟောသတုံး

ကောင်းပြီ. . . ဒါဖြင့် ဦးသံဒိုင်မေးပြီ သုသိမ ပရိဗိုဇ်ကို ဘုရားက ဘယ်နှစ်ဉာဏ်ဟောသတုံး. . . (နှစ်ဉာဏ်ဟောပါတယ်)၊ နှစ်ဉာဏ်ဟောတယ်။ ပဉ္စဝဂ္ဂီ ငါးဦးကျတော့ အနတ္တလက္ခဏသုတ်မှာ ဘယ်နှစ်ဉာဏ်ဟောသတုံး. . . (သုံးဉာဏ်ဟောပါတယ်)၊ သုံးဉာဏ်ဟောပါတယ်၊ ဒါ-မှတ်ထားလိုက်ပါ။

## ဉာဏ်စဉ် (၁၆) ပါး ဘယ်ကလာသလဲ

နို့. . . ဟိုဆယ်ပါး. . . တစ်ဆယ့်ခြောက်ပါးတွေက ဘယ်ကလာသလဲ၊ အို. . . အရှင်သာရိပုတ္တရာက သူ့ဟာသူ ဉာဏ်ထက်လို့ သူ့ဟာသူ မှတ်တမ်းရေးထားတာ။ အဲဒီမှတ်တမ်းနောက်ကို ကျုပ်တို့က လိုက်နေလို့ မဖြစ်ဘူး။ ပေါ်ပြီလား. . . (ကိုယ်တော်ကြီးက အနည်းနည်းရေးတယ်)၊ သူက ဒီနေရာကျတော့ ဟိုမှာ ဆိုင်းဘုတ်၊ ဘာဆိုင်းဘုတ်နဲ့ ဆိုင်တွေ့ခဲ့တယ်။ ဟိုနေရာကျတော့ ဘာဆိုင်းဘုတ်နဲ့ ဆိုင်တွေ့ခဲ့တယ်။ ဟိုနေရာကျတော့ ဘာဆိုင်းဘုတ်နဲ့ ဆိုင်တွေ့ခဲ့တယ်။ ဆိုင်းဘုတ်တိုင်း နုတ် (note) လုပ်သွားတယ်၊ ဆိုင်းဘုတ်တိုင်း နုတ် (note) လုပ်သွားတယ်. . . (မှန်ပါ)။

www.dhammadownload.com



## ဘုရားအောက်တစ်ယောက်ပဲ

ဉာဏ်ကျယ်တဲ့လူဆိုတော့ ဉာဏ်ကျယ်လို့ လုပ်နေတာ (ကရုဏာကလည်း တယ်ပြီး ကြီးမားတယ်ဘုရား)၊ ဟာ. . . ကရုဏာတော်ကတော့ ဘုရားအောက် တစ်ယောက်ပဲ. . . (တင်ပါ့)၊ ဘုရားအောက် တစ်ယောက်ပဲ. . . (သမင်လိုက်တာ မမိလို့ သမင်လည်း သူ့တာပဲ)၊ ဟာ. . . ဒီလိုမဟုတ်ဘူး။ သူကငါတော့ ဒီလိုမြင်ခဲ့တယ်။

သို့သော်. . . ငါ့နောက်တော့ မလိုက်ကြနဲ့လို့ မှာခဲ့သေးတယ်- (ဩော်. . . ဩော်)၊ အင်း. . . ငါ့နောက်တော့ မလိုက်နဲ့တဲ့၊ ငါလိုလူက ငါတစ်ယောက်ရှိတာလို့ ပြောတယ်။

## ရှင်သာရိပုတ္တရာဘာကြောင့် ကြာသလဲ

ဉာဏ်ငယ်တဲ့ အရှင်မောဂ္ဂလာန်က ခုနှစ်ရက်နဲ့ ရတယ်။ ဉာဏ်ကြီးတဲ့ အရှင်သာရိပုတ္တရာက ခုနှစ်ရက်နဲ့ မရဘူး. . .။ ဘာကြောင့် ကြာသွားသတုံးဆိုတဲ့ မေးခွန်းက ထွက်လာတယ်။ ခုနကလို နုတ်(note)တွေများနေလို့ ရှင်းပြီလား မှတ်တမ်းများနေလို့။ ဥပမာ ပြောကြစို့ကွာ. . . တောင်ကြီး တက်သလိုပဲ။ ပတ်တက်တယ်၊ ဟိုဘက်ကတက်လည်း ရတာပဲ။ ဒီဘက်ကတက်လည်းရတာပဲ၊ လေးဘက်လှည့်တက်တယ်၊ ရတာချင်း အတူတူ နောက်ဆုံးနေ့မှ သူကတက်

www.dhammadownload.com



တယ်။ အရှင်မောဂ္ဂလာန်က ဒီလိုမဟုတ်ဘူး၊ ဒီလမ်းက တက်ရမယ်ဆိုတော့ ဒီလမ်းကပဲ ထိုးတက်လို့ သူကအရင် ရောက်သွားတယ်။

## ရှင်မောဂ္ဂလာန်က (၇) ရက်စောတယ်

သူက သုံးဘက်လှည့်မတက်ဘူး၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)၊ အဲဒါနဲ့ တက်တယ်၊ သူက ထောက်မိတာကို မလွှတ်တော့ဘူး၊ အရှင်မောဂ္ဂလာန်က ထောက်မိတာကို မလွှတ်တော့ဘူး၊ ဖြစ်ပျက်မြင်ပြီးရော၊ ဖြစ်ပျက်ချည်း ရှုသွားမယ်ဆိုပြီး ရှုတော့ တစ်ခါတည်း အရဟတ္တမဂ်ထိအောင် ရောက်သွားတယ်၊ သူက ရဟန္တာဖြစ်တာ ခုနစ်ရက်စောတယ်။

ဟိုဉာဏ်ကြီးတဲ့လူကတော့ အင်း. . . သဒ္ဓိရုပေက္ခာဉာဏ်ရောက်မှ သူကပြန်ဆင်းချင် ဆင်းလိုက်သေးတယ်။ ပြန်ဆင်းပြီးအစကပြန်စ၊ အစကပြန်တက်ဦး၊ ဒီလိုသူက ဉာဏ်ဝေဖန်နေတာနဲ့ ကြာသွားတယ်။ ပေါ်ပြီလား. . . (ပေါ်ပါပြီ)၊ အဲဒီတော့ နှစ်ဉာဏ်တည်းနဲ့ တက်သွားတော့ကို မြန်လိုက်တာ. . .။

www.dhammadownload.com



## ပဉ္စဝဂ္ဂီတို့က ဉာဏ်သုံးပါးနဲ့တက်တယ်

ပဉ္စဝဂ္ဂီတို့ကျတော့ သုံးပါးနဲ့ တက်သွားတော့ကို လွယ်လိုက်တာ ပဉ္စဝဂ္ဂီတို့ကျတော့ ကြည့်ပါလားကွ. . . ပထမရက်မှာ ကောဏ္ဍည သောတာပန်တည်တယ်၊ နောက်တစ်ရက်စီ သောတာပန် မတည်ကြဘူးလား၊ နောက်ခြောက်ရက်မြောက်ကျတော့ ငါးပါးစလုံးပင် ရဟန္တာ အကုန်ဖြစ်ကြတယ်၊ ခြောက်ရက်နဲ့ သွားတယ်။ သူက (၁၅) ရက်ခြားတယ်။ မရှင်းသေးဘူးလား. . .။

ဉာဏ်ကြီးတဲ့လူ ခုတွင်က ဉာဏ်စဉ် ဟပ်နေလို့ (၁၀) ရက်ပိုကြာတယ်၊ ပေါ်ပြီလား. . .။ အရှင်မောဂ္ဂလာန်ကတော့ သူ့လိုပဲ သောတာပန် ဖြစ်တဲ့အခါကျတော့ အရှင်သာရိပုတ္တရာက ရှေးနည်းနည်းလေးကျတယ်၊ အရှင်သာရိပုတ္တရာဟောတဲ့ တရားမှာ အရှင်မောဂ္ဂလာန်ကနာရလို့ ဆက်ပြီးသောတာပန်တည်တယ်၊ နောက်တစ်ခါ ရဟန္တာဖြစ်ကြစို့ ဆိုတဲ့အခါကျတော့ သူက ဉာဏ်ဝေဖန်နေတယ်၊ ဟိုက ခုနှစ်ရက်နဲ့ ထိုးတက်တယ်။

အရှင်မောဂ္ဂလာန်ကတော့ ထောက်မိထောက်ရာ ဒီလမ်းနဲ့ တက်မယ်ဆိုပြီး ဒီလမ်းကပဲတက်တယ်။ လမ်း, ဝေဖန်ပြီး ရှာတက်မနေတော့ဘူး။ အရှင်သာရိပုတ္တရာက ဒီလမ်းက တက်လို့ရတယ်, မတက်ဘူး။ ဟိုလမ်းကတက်မယ်။

www.dhammadownload.com



စင်စစ်တော့ ဟိုလမ်းက တက်လည်းရတာပဲ၊ မတက်သေးဘူး၊ လှည့်နေတာပဲ။ သူက နောက်ဆုံးပတ်မှာ ထိုးတက်တော့၊ လေးလမ်းမှာ၊ လေးလမ်းစုံမှ နောက်ဆုံးပိတ်ကျမှ ထိုးတက်တယ်။ သူက သိလျက်သားနဲ့ တက်တယ်။ မကွာဘူးလား. . . (ကွာပါတယ်)။

## တွေ့တဲ့လမ်းကသာတက်ပါ

အဲဒါခင်ဗျားတို့က အရှင်သာရိပုတ္တရာလား၊ အရှင်မောဂ္ဂလာန်လားဆိုတာ ကိုယ့်ဟာကိုယ် ဝေဖန်ပြီးသကာလ တွေ့တဲ့လမ်းကသာထိုးတက်၊ ရောက်တာသာ ပဓာနပဲ. . .။ တောင်ထိပ်ရောက်တော့ သူလည်းတောင်ထိပ်ပဲ၊ ကိုယ်လည်း တောင်ထိပ်ပဲ၊ ထူးတာမဟုတ်ဘူး. . . (မှန်ပါ့)၊ မြန်မြန်ရောက် အေးတာပဲ၊ သဘောကျပြီလား. . .။

## ရှင်သာရိပုတ္တရာက ငါလိုလူငါတစ်ယောက်ပဲတဲ့

ကဲ. . . ဒါဖြင့် ပြီးတော့ မှာခဲ့သေးတယ်၊ ခင်ဗျားတို့ သတိထားဖို့က ဉာဏ် (၁၆) ပါးတွေကိုနော်။ ငါ့လို ဟိုလမ်းကတက်ရ၊ ဒီလမ်းကတက်ရ ဉာဏ်အမြင်နဲ့ဟာ ငါတစ်ယောက်သာရှိတယ်။ ငါလိုလူ တစ်ယောက်မှ မရှိဘူး၊ ကျန်တဲ့လူတွေ အရှင်မောဂ္ဂလာန်တက်သလိုတက်၊ တွေ့တဲ့လမ်းကပဲ

www.dhammadownload.com



တက်သွား။ သဘောပါလား. . .။ ငါလို့လူက ငါတစ်ယောက်ပဲ၊ အခုဟာ မှတ်တမ်းတင်ရအောင် လုပ်တဲ့လူပဲ၊ သဘောကျပြီလား. . .၊ မှတ်တမ်းတင်ရအောင် လုပ်တဲ့လူဆိုတော့ မှတ်တမ်းများများကို ပြနိုင်တဲ့လူဟာ လောကမှာလည်း ခင်ဗျားတို့ သိတဲ့အတိုင်းပဲ၊ လက်ဝဲရဲ၊ လက်ယာရဲဆိုတဲ့ ဂုဏ်ထူးကြီးနဲ့ဆိုတော့ ဉာဏ်ကျယ်ပါပေရဲ့ဆိုတဲ့ မှတ်တမ်းကို ရအောင်လုပ်ရတယ်။

## ဒီပြင်လူလိုက်ဖို့မလိုဘူး

ပြီးတော့ ငါလို့လူဟာ ငါတစ်ယောက်ပဲရှိတယ်လို့ ပြောခဲ့သေးတယ်။ ဒီပြင်လူ လိုက်ဖို့မလိုဘူးဆိုတော့ ခင်ဗျားတို့ နှစ်ဉာဏ်နဲ့ တက်ချင်တက်၊ သုံးဉာဏ်နဲ့ တက်ချင်တက်။ ဒီဟာတွေတော့ဖြင့် မှတ်တမ်းတွေ လုပ်မနေနဲ့တော့။ ရှင်းပြီလား. . .။ ခင်ဗျားတို့ ရှုရမှာက. . . (ဖြစ်ပျက်တစ်ခုတည်းရှု)။

ဒီပြင် ဘာမှမရှိဘူး။ အပျက်ချည်း မြင်နေတော့ ကြော် ဖြစ်လို့ပျက်တာ။ မုန်းတာလည်း ခဏ, ခဏ ဖြစ်ပျက်နေလို့ မုန်းတာပဲ မဟုတ်ဘူးလား. . .။ သဘောကျပြီလား၊ ကိုင်း. . . ဖြစ်ပျက်တွေချည်းပြရမယ်၊ ကဲ-မင်းတို့ လျှစ်လျူရှုနေဦးမယ်ဆိုပြီး အဖြစ်အပျက်တွေကို လျှစ်လျူရှုနေတယ်။

www.dhammadownload.com



ဒါကြောင့် အရှင်မဟာကောဋ္ဌိကနဲ့ အရှင်သာရိပုတ္တရာနဲ့ အမေးအဖြေလုပ်တယ်။

## နောင်လာနောက်သားများအတွက်

အရှင်မဟာ ကောဋ္ဌိက,က မေးတယ်၊ သောတာပန် တည်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ဘာလုပ်ရမတုံးလို့ အရှင်မဟာ ကောဋ္ဌိက, က မေးလိုက်တယ်။ အရှင်သာရိပုတ္တရာကိုပဲ မေးလိုက်တယ်၊ နောင်လာနောက်သားများအတွက် ရဟန္တာ နှစ်ပါးမေးတယ်။ အရှင်မဟာကောဋ္ဌိက, ကလည်း ရဟန္တာ နော်၊ အရှင်သာရိပုတ္တရာကလည်း ရဟန္တာနော်၊ ရဟန္တာ ဖြစ်ပြီးမှ သူတို့ အမေးအဖြေ လုပ်ကြတာပဲ၊ ရဟန္တာဖြစ်ပြီး ကိုယ်တက်လာတဲ့လမ်းက လူတိုင်းသိပြီးသား၊ ဘာမေးနေ စရာ လိုလို့တုံးလို့ ခင်ဗျားတို့က စောဒကတက်သိရမယ်. . . (တင်ပါ့)၊ မဟုတ်ဘူး. . . တဲ့။

## သောတာပန်တည်ချင် ဘယ်ကစရမှာတုံး

နောင်လာနောက်သားများ အလုပ်ခွင် ပြချင်လို့ သဘောကျပြီလား. . . (ကျပါပြီ)၊ ဘာပြချင်လို့လဲ။ နောင်လာနောက်သားများကို အလုပ်ခွင် မမှားရအောင် ပြချင်လို့ဆိုတော့ အရှင်မဟာကောဋ္ဌိက,က မေးလိုက်တယ်။

www.dhammadownload.com



အရှင်ဘုရား သောတာပန် တည်ချင်ရင် ဘယ်ကစ လုပ်ရမတုံး။ အို-ဥဒယဗ္ဗယက စ,လုပ်ပေါ့ကွ၊ အရှင်သာရိပုတ္တရာက ဖြေလိုက်တယ်၊ ဒီက စ,လုပ်ပြီး ဖြစ်ပျက်မြင်လို့ရှိရင် ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးလို့ရှိရင် ဒါဟာ သောတာပန်တည်တာပေါ့ကွာ။ နေ့စမ်းပါဦးဘုရား။ နို့ သကဒါဂါမ် တည်ချင်တော့ ဘယ်ကစ,ပြီး ဘယ်ကထူးပြီး ဘာလုပ်ရမှာတုံးမေးတယ်။ မမေးသင့်ဘူးလား. . . (မေးသင့်ပါတယ်ဘုရား)။

## သကဒါဂါမ်တည်ချင်တော့ဘာလုပ်ရမလဲ

သကဒါဂါမ် တည်ချင်တော့ ဘာလုပ်ရမလဲ၊ အို. . မင်းဖြစ်ပျက်က စ,ကွ။ ဒီက စ,တယ်ဆိုတော့ သူမပြီးနေသေးဘူးလား။ ဒါနဲ့ နောင်လာနောက်သားတွေအတွက် မေးတာကိုးဗျ။ အနာဂါမ် တည်ချင်ရင်တော့ရော ဘယ်ကစရမလဲ၊ ဒီဖြစ်ပျက်က စ,ရမယ်။ ရှင်းပြီလား. . . (ရှင်းပါတယ်ဘုရား)၊ ရဟန္တာဖြစ်ချင်ရင်ရော ဘယ်ကစ,ရမလဲ။ ဒီဖြစ်ပျက်ကပဲ စ,ကွ။ သူဟာ ဒီကနေပြီး စ,ခိုင်းနေတာပဲ။

## ဆရာလည်းမများနဲ့တော့ဖြစ်ပျက်ကစလုပ်

အဲဒါကြောင့် ခင်ဗျားတို့ဆရာလည်း မများနဲ့တော့၊ ဉာဏ်လည်း မများနဲ့တော့ ဖြစ်ပျက်က စ,လုပ်ရောက်ရမယ်။

www.dhammadownload.com



သဘောပါပြီလား၊ ဆရာလည်း မများနဲ့၊ ဉာဏ်လည်း မများနဲ့. . . (မများပါဘုရား)။

မင်း. . . ဒီအတိုင်းသာ တက်တော့၊ ကျမ်းမျိုးစုံကို စုံနေပြီ။ မစုံသေးဘူးလား. . . (စုံပါပြီ)၊ အရှင်ပေါဋ္ဌိလလည်း ဟောပြီးပြီ၊ အရှင်မဟာကောဋ္ဌိကနဲ့ အရှင်သာရိပုတ္တရာ အမေးအဖြေလည်း ဟောပြီးပြီ၊ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တက်ပုံကလေး ထူးခြားပုံ ပြပြီးပြီဆိုတော့ ဒီနှစ်ထဲမှာ နည်းတာမဟုတ်ဘူး။ ကျုပ်-ဒီဥစ္စာကို တရားပွဲကြီးချဲ့ဟောရင် တစ်လလောက် ဟောယူရလိမ့်မယ် (တင်ပါ့ဘုရား)။ မဟောရပေဘူးလား. . . (ဟောရပါတယ်ဘုရား)၊ ဟောရလိမ့်မယ်။ ဒီဥစ္စာ နည်းတာမှ မဟုတ်ဘဲ၊ ဟိုမှာ အသေးစိတ် အကျယ်ချဲ့ပြီး သကာလ တက်ပုံ၊ တက်နည်းနဲ့ တကွ ပြောရမှာပေါ့. . .။

## မာဟုကိစ္စကြောင့်မဂ်ဖိုလ်တားနိုင်တယ်

ခင်ဗျားတို့က တရားလည်း လိုချင်သေးတယ်။ ပြန်မယ့်ရက်ကလည်း ပါပြီးသားလူတွေဆိုတော့ အတော်ခက်တယ်၊ အတော်ခွကျတဲ့လူတွေ ဖြစ်နေတယ်။ ဒီလာတာဝန်ကျွတ်ချင်လို့ လာတာမဟုတ်လား. . . (ဟုတ်ပါတယ်)၊ အမယ်လေး အတော် လျှော့ဈေးနိုင်တဲ့လူပါလား၊ တစ်ဝက်

www.dhammadownload.com



ကျွတ် လောက်ပြီ။ အဲဒီတော့ကို. . . တဲ့၊ ဒီလိုလုပ်ကြပါတဲ့၊ ခင်ဗျားတို့ချည်း လျှောက်နေလို့ မပြီးသေးဘူး ဘုန်းကြီးတို့ လူအကြောင်းလည်း နားလည်ပါတယ်။ လူဆိုတာ 'ဃရာဝါသော ဗဟုကိစ္စော" ဆိုတဲ့ အတိုင်း အင်မတန် ကိစ္စများပါတယ်။ ဒီဗဟုကိစ္စကြောင့် မဂ်တား၊ ဖိုလ်တား ဖြစ်နိုင်တယ် (မှန်ပါ့)၊ သဘောကျပြီလား. . . ။

ဗဟုကိစ္စသည် ဘာတုံး. . . ၊ ကိစ္စသည် ကိလေသာ၏ ကိစ္စ (အင်မတန် ဟုတ်ပါတယ်ဘုရား)၊ ကိလေသာ၏ ကိစ္စသည် မဂ်တားမြစ်သည်၊ သဘောကျပြီလား. . . ။ အဲဒီတော့ မဂ်ကို တားမြစ်နေတာကို ခင်ဗျားတို့က တားမြစ်တဲ့ ဘက်ကနေပြီး ရှေ့နေလိုက်တယ်၊ တားမြစ်ရတာ ကောင်းနိုးနိုး။ တားမြစ်တာ တားမြစ်သင့်တယ်ဆိုပြီး ကိလေသာဘက်က ရှေ့နေလိုက်တယ်။ ဉာဏ်ဘက်က ရှေ့နေမလိုက်ဘူး။ တစ်ခါတလေတော့ ပါဠိနဲ့တောင် တစ်ဖက်က ရှေ့နေလိုက်သေးတယ်။ ကိုယ့်ဘက်က ကိလေသာဘက်က အထောက်အခံရအောင်။ အင်း. . . ရှုးပုံ ခင်ဗျားတို့ ပြောလို့ မဖြစ်ပါဘူး။ ရှုးပုံများတော့ ပဋ္ဌာစာရီဟာ တစ်ခါတည်း ကိလေသာရှုး၊ ရှုးတုန်းက အဝတ်ကိုမကပ်ဘူး၊ နောက်မဂ် မရမီကလေးမှာပဲ အဝတ်ကပ်တယ်။ ခင်ဗျားတို့က အရှက်မရှိတဲ့ စကားတွေကို သိပ်သုံးတာပဲ၊ ရိပ်မိပြီလား။ အဝတ်မကပ်

www.dhammadownload.com



တဲ့ စကားတွေကို ခင်ဗျားတို့က သိပ်သုံးတယ်။

ကဲ. . . ဒါကြောင့် အဝိဇ္ဇာရှိနေလို့ရှိရင် ဟီရိဩတ္တပ္ပ မရှိဘူး ဘုရားဟောတာကို ကြိုက်ကြရဲ့လား. . . (ကြိုက်ပါတယ်)။ အဝိဇ္ဇာချုပ်သွားလို့ရှိရင် ဟီရိဩတ္တပ္ပလည်း ကပ်လာတယ်ကွ. . . (တင်ပါ့)၊ ဘယ်ပါဠိတော်မှာ ပါသလဲ။ အဝိဇ္ဇာ ရှိနေလို့ရှိရင် ဟီရိဩတ္တပ္ပဆိုတာ ဘယ်တော့မှ မလာဘူး။ ဟီရိဩတ္တပ္ပဆိုတဲ့တရား မလာဘူး. . . တဲ့။ အဟိရိက နဲ့ အနောတ္တပ္ပသာ လာနေတယ်။ မရှက်မကြောက် မလန့်တာတွေလာနေတယ်. . . (မှန်ပါ့)၊ သဘောပါပြီနော်. . . (ပါ,ပါတယ်ဘုရား)။ ကောင်းပြီ. . . ဒါဖြင့် ဒီနေ့ ပြောရတာ ဘုန်းကြီးများလည်း အဖိုးတန်တယ်၊ ခင်ဗျားတို့ဉာဏ်ထဲမှာလည်း အမျိုးမျိုး ရှင်းသွားလိမ့်မယ် (တင်ပါ့)၊ မရှင်းဘူးလား (ရှင်းပါတယ်ဘုရား)။

## (၁၆) ဉာဏ်က ရှင်သာရိပုတ္တရာရဲ့မှတ်တမ်း

အခုဒီမှာ ဘယ်နှစ်ဉာဏ်ဟောသလဲ. . . (နှစ်ဉာဏ် ဟောပါတယ်ဘုရား)။ အနတ္တလက္ခဏာသုတ်. . . (သုံးဉာဏ်)၊ အရှင်သာရိပုတ္တရာ မှတ်တမ်းကျတော့ ၁၅၊ ၁၆၊ ၁၀၊ ၁၆ မဟုတ်ဘူးလား. . .။ အဲဒီတော့ အရှင်သာရိပုတ္တရာက ဘယ်လိုမှာခဲ့သတုံး. . .၊ ငါလိုလူ ငါတစ်ယောက်

www.dhammadownload.com



ပဲ ရှိတယ်လို့ ပြောတယ်၊ ဒီပြင်လူ မလိုက်နဲ့လို့ ပြောတယ်. . ။ ငါလိုလူဟာ ငါတစ်ယောက်တည်းပဲရှိတယ်။ ဒီပြင်လူ မလိုက်နဲ့တဲ့၊ လိုက်ရင်မှားလိမ့်မယ်၊ သဒ္ဓါဉာဏ်မျိုးလည်း မဟုတ်ဘူး။ သဒ္ဓါဆုတောင်းမျိုးလည်း မဟုတ်ဘဲနဲ့ ခင်ဗျားတို့က လိုက်နေလို့ရှိရင် မောရုံပဲ ရှိမယ်၊ မောပြီးတော့ အချိန်ကြာသွားမယ်၊ ကြာသွားပြီး သကာလ သဒ္ဓါဆုတောင်းမျိုး မဟုတ်တော့ ရမှာလည်း မဟုတ်ဘူးလို့ မဆိုနိုင်ဘူးလား. . ။ အဲဒါကြောင့် နှစ်ဉာဏ်နဲ့ တက်တက်၊ သုံးဉာဏ်နဲ့ တက်တက် တောင်ထိပ်ရောက်တာသာပဓာနပဲကွ လိုရင်းပဲကွ။

## တောင်ထိပ်ရောက်တာသာ ပဓာန

သဘောပါသလား။ ဒီအတိုင်းသာ တက်ကွတဲ့ နှစ်ဉာဏ်သုံးဉာဏ်နဲ့ဆိုရင် မတိုလွန်းဘူးလား. . . တိုတို၊ မတိုတို တောင်ထိပ်ရောက်မှုသာ ပဓာနပဲ။ ဟုတ်ပြီလား. . (ဟုတ်ပါတယ်)၊ နိဗ္ဗာန်တည်းဟူသော တောင်ထိပ်ရောက်မှုသာ. . . (ပဓာန)၊ ပဓာန၊ ပေါ်ပြီနော်. . . ။

## ရှင်သာရိပုတ္တရာက ငါ့နောက်ဘယ်သူမှ မလိုက်နဲ့တဲ့

ကောင်းပြီ၊ ဒါဖြင့် အရှင်သာရိပုတ္တရာက ဘယ်လို

www.dhammadownload.com



မှာခဲ့သတုံး ကိုထွန်းရင် . . . (ငါလိုလူ ငါတစ်ယောက်ပဲ ရှိတယ်)၊ ငါလိုလူ ငါတစ်ယောက်ပဲ ရှိတာမှာ ခင်ဗျားတို့က သူနဲ့တူအောင်လုပ်လို့တော့ မဖြစ်ဘူး။ ငါတစ်ယောက်ရှိတယ် လို့ ပြောလျက်သားနဲ့ ခင်ဗျားတို့က တူချင်လို့တော့ ဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား)၊ ဘုရားတစ်ဆူမှာ တစ်ယောက် ရှိတယ်။ မောနေယျတို့၊ လက်ဝဲရံတို့ လက်ယာရံတို့ဆိုတာ ဘုရားတစ်ဆူမှာ တစ်ယောက်စီရှိတာကိုး။ အဲဒီဘက် လိုက် မနေနဲ့၊ မလိုက်ရစ်နဲ့လို့ မှာပစ်ခဲ့တယ်။ သဘောပါသလား။

## ဘုရားဟောတဲ့အတိုင်း နှစ်ဉာဏ်၊ သုံးဉာဏ်နဲ့ တက်ပါ

အရှင်သာရိပုတ္တရာ ဘယ့်နှယ်မှာသလဲ (သူ့နောက် မလိုက်နဲ့တဲ့)၊ ငါလိုလူတော့ ငါ့ဉာဏ်အတိုင်းတော့ မလိုက်နဲ့၊ ငါလိုလူက ငါတစ်ယောက်သာရှိတယ်။ မင်းတို့တော့ မြတ်စွာ ဘုရား ဟောတော်မူခဲ့အတိုင်းပဲ နှစ်ဉာဏ်နဲ့ တက်တက်၊ သုံးဉာဏ်နဲ့တက်တက်၊ ကျုပ်တို့က ဉာဏ်ထိုင်းတဲ့အတွက် မှတ်တမ်းမဆောင်နိုင်ဘူး။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)၊ ဖြစ်ပျက် ဥဒယဗ္ဗယ, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ဂေါတြဘူ, မဂ်ဉာဏ် ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် သူက ဒါတွေအကုန် "နုတ်" (note) တွေလုပ်သွားတယ်။

www.dhammadownload.com



## ချွေးကျပြီးအချိန်ကုန်မှာစိုးလို့

အဲဒီတော့ ငါလို နုတ် (note) တွေလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ငါတစ်ယောက်ရှိတယ်။ ဒီပြင်သူသည် နုတ် (note) တွေနဲ့ မဖြစ်ဘူး။ ပေါ်ပြီလား. . . ဒီဟာကို မြင်လို့ပြောတာ။ ကျုပ်က ဒီလိုလုပ် နေမှာစိုးလို့ ချွေးဒီးဒီးကျပြီး အချိန်ကုန်သွားမှာစိုးလို့။ ဒါက တော်တော့ ဆရာသင်ပေးလို့လည်း မရဘူးဆိုတော့ အခု အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်ပြောတဲ့ဝတ္ထု ပြောလိုက်လို့ ခင်ဗျားတို့ ရှင်းသွားတာပေါ့။ ငါလိုလူ ငါ တစ်ယောက်သာရှိတယ်။ ငါ့နောက် ဘယ်သူမှ မလိုက်နဲ့။ အရှင်မောဂ္ဂလာန်ကတော့ ဒီဖြစ်ပျက်ထောက်မိရာကနေပြီး တက်သွားတယ်. . . (တင်ပါ့)၊ ငါကတော့ ပြန်ဆင်းပြီး ဟိုလှည့်တယ်. . . (လှည့်ပါတယ်)၊ မလှည့်ဘူးလား. . .။

## ဘာမှရှည်မနေနဲ့ရှည်နေရင်ကြာနေမယ်

အဲဒီတော့. . . ကွာ၊ အရှင်သာရိပုတ္တရာသွားတဲ့ နိဗ္ဗာန်၊ အရှင်မောဂ္ဂလာန်သွားတဲ့နိဗ္ဗာန်၊ သူရာမုခတို့လို သေသောက်ကျူးသွားတဲ့ နိဗ္ဗာန် ထူးသေးသလားလို့ မေးလိုက်တယ်။ နိဗ္ဗာန်ကျတော့ . . . (မထူးပါ)၊ မဂ်ဝင်ရင် ဘာထူးတာမှတ်လို့။ သူရာမုခသေသောက်ကျူးက သွားတဲ့ နိဗ္ဗာန်က လည်း ဒီနိဗ္ဗာန်ပဲ၊ ဒုက္ခခပ်သိမ်းငြိမ်းတာပဲ. . .

www.dhammadownload.com



(မှန်ပါ့)၊ ဘုရားသွားတဲ့ နိဗ္ဗာန်ရော. . . (ဒုက္ခခပ်သိမ်း ငြိမ်းတာပါ၊ အတူတူပါပဲဘုရား)။

တူတူပဲဆိုတော့ ခင်ဗျားတို့က လောကီဂုဏ် ငဲ့နေတာဖြင့် အတူတူဖြစ်ချင်မှ ဖြစ်မယ်။ ဟိုရောက်ပုံ ရောက်တဲ့နေရာမှာ ဘယ်သူမှ မထူးဘူး။ ထူးသေးသလား (မထူးပါ)၊ အဲဒါကြောင့် ခင်ဗျားတို့ သာဝက ပါရမီဉာဏ်သွားလိုက်၊ ဘာမှရှည်မနေနဲ့၊ ရှည်နေရင် ခန္ဓာဝန် ထမ်းပြီးတော့ ဒုက္ခရောက်မယ်။ မရောက်ပေဘူးလား၊ အေး. . . ဒါဖြင့် တရားသိမ်းတော့မယ်၊ တစ်နာရီပြည့်ပြီ။

## ရှင်သာရိပုတ္တရာက (၁၆) ဉာဏ်ဟောတယ်

ဘယ်နှစ်ဉာဏ် ဟောသတုံး. . . (နှစ်ဉာဏ်)၊ အနတ္တလက္ခဏာသုတ်မှာ ဘယ်နှစ်ဉာဏ် ဟောသတုံး. . . (သုံးဉာဏ်ပါ)၊ သုံးဉာဏ်ဟောတယ်။ အရှင်သာရိပုတ္တရာ ဟောတဲ့ ပဋိသမ္ဘိဒါမဂ်ကျတော့ ဆယ့်ခြောက်ဉာဏ်ဟောတယ်. . . (ဆယ့်ခြောက်ဉာဏ်ပါ)၊ သူက ငါလိုလူ ငါ တစ်ယောက်ပဲရှိတယ်၊ ငါ့နောက်မလိုက်နဲ့တဲ့။ အရှင်သာရိပုတ္တရာက ပြောတယ်. . . (မှန်ပါ့)။

www.dhammadownload.com



## ဘုရားကဉာဏ်စဉ်ဟောမနေတော့ဘူး

ဆိုတော့ ဒါမလိုက်နဲ့၊ ဒါကိုလိုက်။ ဒါအများသွားတဲ့ လမ်းပဲ။ ခုနက ဘုရားသွားတဲ့လမ်း ဒီလမ်းပဲ။ အခုန ရဟန်း ပေါင်း ငါးရာသွားတာလည်း-ဒီလမ်းပဲ။ ပဉ္စဝဂ္ဂီရဟန်းတွေသွား တာလဲ ဒီလမ်းပဲ။ နောက်နေရာတိုင်း ဟောတာက ဉာဏ်စဉ် ကို ဘုရားဟောမနေတော့ဘူး. . .။

## ဉာဏ်စဉ်မပါပဲနဲ့ နိဗ္ဗာန်ကိုကူးသွားတယ်

အေး. . . အနိစ္စရှု "သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ" ဆိုတော့ ဒါနဲ့ ရဟန်းငါးရာ ကျွတ်တယ်၊ ဒီတော့ ဉာဏ်စဉ်ပါသေးသလား. . . (မပါ,ပါ)၊ မပါတော့ ဘူး။ အနိစ္စကနေပြီး အနိစ္စဆုံးတဲ့ဉာဏ်ကို ကူးသွားတယ်။ ဒုက္ခကနေပြီး ဒုက္ခကင်းတဲ့ နိဗ္ဗာန်ကို ကူးသွားတယ်။ အနတ္တ ကနေပြီး အနတ္တဆုံးတဲ့ နိဗ္ဗာန်ကို ကူးသွားတယ်။ ရှင်းပြီလား (ရှင်းပါပြီ)၊ အဲဒါကြောင့် ခင်ဗျားတို့ လျှာရှည်မနေနဲ့၊ လျှာ ရှည်နေရင် ကြာနေမယ်. . .။

အချိန်စေ့ပြီ . . . တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . .

www.dhammadownload.com

www.dhammadownload.com